# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုး ရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ် (၁၁၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေးအတွက် သင်ကြားလေ့ကျင့်ပေးရမည် တူညီသည့် စိတ်ဓာတ်စည်းကမ်းများကို လေ့ကျင့်ပုံဖော်ပေးရန်လို

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လမ်းညွှန်မှာကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်၊ တပ်မတော် နည်းပညာတက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၆

ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်၊ တပ်မတော် နည်းပညာတက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဧည့်ဂေဟာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁*


## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD ၊ MRTV News ၊ MWD ၊ MWD Variety၊ MITV ၊ Channel 7 ၊ 5 Plus ၊ Channel 9 ၊ တိုင်းရင်းသား Channel ၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ မန္တလေး FM ၊ ပဒုမ္မာဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာ**


မြန်မာနိုင်ငံဘဏ်များအသင်း၏ အသင်းဝင်ဘဏ်များအနေဖြင့် AML/CFT ဆိုင်ရာ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ | ပြည်တွင်းသတင်း | စာ - ၁၂

....................

အီနောင်ဇာတ်တော်ကြီး မပျောက်ကွယ်စေချင် | ဆောင်းပါး | စာ - ၂၀

မြန်မာ့အလင်း

# ကလေးအလုပ်သမားဖြစ်ပွားမှု အကာအကွယ်ပေးနိုင်ရေး

အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ဝင်ငွေရသည့် လုပ်ငန်းတွင်ဖြစ်စေ၊ ဝင်ငွေမရသည့် လုပ်ငန်းတွင်ဖြစ်စေ အလုပ်လုပ်ကိုင်နေကြရသည့် အသက် ၁၈ နှစ်အောက် ကလေးသူငယ်များသည် ကလေးအလုပ်သမားများပင်ဖြစ်သည်။ စာသင်ခန်းတွင် ပညာသင်ကြားနေကြရမည့်အရွယ် ကလေးသူငယ်များ စားဝတ်နေရေးအလို့ငှာ လုပ်ငန်းခွင်ထဲသို့ ရောက်ရှိနေကြရခြင်းမှာ ကလေး၏ အနာဂတ်ကိုသာမက နိုင်ငံ၏ အနာဂတ်ကိုပါ ထိခိုက်နစ်နာစေသည်။

၂၀၁၉ ခုနှစ်ကုန်ပိုင်းတွင် စတင်ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် စီးပွားရေးတုံ့ဆိုင်းမှုနှင့်အတူ မိသားစုဝင်ငွေကျဆင်းမှုများလည်း အကြီးအကျယ်ဖြစ်ပေါ်ခဲ့ရာ အကျိုးဆက်အဖြစ် ကလေးအလုပ်သမားဦးရေ တိုးလာခဲ့သည်။ မိမိတို့နိုင်ငံတွင် ကလေးဦးရေ ၁၀၀ လျှင် ကိုးယောက်ကျော်မှာ ကလေးအလုပ်သမားများအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေကြရကြောင်း ၂၀၁၅ ခုနှစ်က ပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ မြန်မာကလေးဦးရေ ၁၂ သန်းကျော်တွင် ၁ ဒသမ ၁ သန်းကျော်မှာ ကလေးအလုပ်သမားအဖြစ် အလုပ်လုပ်နေကြရခြင်းဖြစ်ပြီး ၎င်းတို့ထဲမှ ထက်ဝက်မကသော ကလေးများမှာ အန္တရာယ်ရှိသော အလုပ်များတွင် အလုပ်လုပ်ကိုင် နေကြရခြင်းဖြစ်သည်။ လုပ်ငန်းအမျိုးအစားအလိုက်အားဖြင့် ကလေးလုပ်သားဦးရေ၏ ၇၀ ဒသမ ၉ ရာခိုင်နှုန်းသည် စိုက်ပျိုး ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ၁၂ ရာခိုင်နှုန်းသည် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် လည်းကောင်း၊ ၁၁ ရာခိုင်နှုန်းသည် လက်လီလက်ကားရောင်းဝယ်ရေးနှင့် ယာဉ်၊ စက်ပြင်ဆင်ရေးလုပ်ငန်းများတွင်လည်းကောင်း အဓိကအားဖြင့် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့ရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် “ကလေးအလုပ်သမားတိုးပွားလာသည့် လက္ခဏာများကို တုံ့ပြန်နိုင်ရန် ပြည့်စုံသည့် လူမှုအကာအကွယ်၊ ဆင်းရဲသော မိသားစုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အရွယ်ရောက်ပြီးသူများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များ တိုးမြှင့်ခြင်း၊ ကျောင်းများသို့ ကလေးအားလုံး ရောက်ရှိစေသည့် စီမံချက်များရေးဆွဲဆောင်ရွက်ခြင်း၊ အခမဲ့ပညာရေးနှင့် အလုပ်သမားရေးရာစစ်ဆေးခြင်း၊ ဥပဒေစိုးမိုးခြင်းနှင့် ပတ်သက်၍ ပိုမိုခိုင်မာအောင်ဆောင်ရွက်ခြင်း စသည့်ကဏ္ဍများကို ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ကိုဗစ်-၁၉ ရောဂါကို တုံ့ပြန်ဆောင်ရွက်သည့် မူဝါဒအပေါ်မူတည်၍ ကလေးအလုပ်သမားအရေးပါဝင်သည့် လူမှုအကာအကွယ်ပေးရေးလုပ်ငန်းများ များပြားလာပါက ကလေးအလုပ်သမားဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ပထမကာလတို (၅) နှစ် (၂၀၁၉-၂၀၂၃) ကို အကောင်အထည်ဖော်လျက်ရှိပြီး ဆက်လက်၍ ရေရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိဌာန အဖွဲ့အစည်းများနည်းတူ ကလေးအလုပ်သမားပြဿနာနှင့် ဆက်စပ်နေသည့် ကလေးမိဘ/အုပ်ထိန်းသူများနှင့် အလုပ်ရှင်များကလည်း ဝိုင်းဝန်းပါဝင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင်ကျင်းပမည့် Association of World Election Bodies(A-WEB)၏ (၅) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၆**

တောင်အာဖရိကနိုင်ငံ ရွေးကောက်ပွဲကော်မရှင်နှင့် Association of World Election Bodies (A–WEB) တို့၏ ဖိတ်ကြားချက်အရ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် ကျင်းပပြုလုပ်မည့် Association of World Election Bodies (A–WEB)၏ (၅) ကြိမ်မြောက် အထွေထွေညီလာခံသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်တို့ တက်ရောက်မည်ဖြစ်သည်။

အဆိုပါ အထွေထွေညီလာခံသို့ တက်ရောက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ဦးစောဘလှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

Association of World Election Bodies(A–WEB)အဖွဲ့ကို ၂၀၁၃ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၉ နိုင်ငံမှ ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်း ၁၁၉ ဖွဲ့ ပါဝင်ကြသည်။ အဆိုပါ အထွေထွေညီလာခံသို့ တက်ရောက်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ရွေးကောက်ပွဲစနစ်များကို လေ့လာသိရှိခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း နည်းပညာဖလှယ်၍ ဆောင်ရွက်နိုင်ခြင်းနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုရရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ပြီး ယင်းညီလာခံကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၂၂ ရက်အထိ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်ခဲ့သည့် မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ မွန်ပြည်သစ်ပါတီ (NMSP) မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရ** စသည့် မွန်ဘာသာနှင့် မြန်မာဘာသာစာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## ☆ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေး လေ့ကျင့်ပေးနေမှုများသည် သင်တန်းကျောင်းများအလိုက် အခြေခံအားဖြင့်တူညီမှုရှိ၊ အခြေခံစစ်ပညာမှ အစပြု၍ အဆင့်အလိုက် လျော်ညီစွာ တတ်မြောက်ရမည့် အတတ်ပညာ၊ အသိပညာများရရှိရေး သင်ကြားလေ့ကျင့်ပေးလျက်ရှိ

## ☆ လေ့ကျင့်ရေးနှင့်ပတ်သက်၍ တပ်မတော်တွင် ကဏ္ဍပေါင်းစုံ၌ ပြည့်စုံအောင် ဆောင်ရွက်ပေးထား

## ☆ လေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းသည် အနာဂတ်တပ်မတော်ကို တည်ဆောက်နေခြင်းပင်ဖြစ်

## ☆ သက်ဆိုင်ရာကဏ္ဍအလိုက် ဘာသာရပ်များကို စနစ်တကျသင်ကြား လေ့ကျင့်ပေးလိုက်မှသာလျှင် လက်တွေ့နယ်ပယ်၌ ကောင်းမွန်စွာ အသုံးချနိုင်မည်ဖြစ်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာဖြတ်သန်းနိုင်မည်ဖြစ်

❍ *ရွှေဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားနိုင်ရေးယခုကဲ့သို့ စုစုစည်းစည်းဖြင့် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်များနှင့် တပ်မတော်သားများ၏ စွမ်းရည် သုံးရပ်ကို မြင့်မားအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်မူ ခေတ်မီလက်နက်များကို တပ်ဆင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ခေတ်မီလက်နက်များကို တပ်ဆင်ပေးရန်အတွက် နိုင်ငံကို ဦးဆောင်သည့် အကြီးအကဲများအနေဖြင့်လည်း နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကားမြှင့်တင်မှုအပေါ် စိတ်ပါဝင်စားမှုရှိရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးသည် တပ်မတော်နှင့် အဓိကသက်ဆိုင်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်ကိုမူ နိုင်ငံတော်မှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ခေါင်းဆောင်များတွင် နိုင်ငံရေးကို အလေးပေး ဆောင်ရွက်သူနှင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းရည် မြင့်မားရေးအပိုင်းကို စိတ်ဝင်စားသူဟူ၍ရှိပြီး တပ်မတော်နှင့် နိုင်ငံ့ခေါင်းဆောင်များ၏ စိတ်ဝင်စားမှုအလိုက် နိုင်ငံတစ်ခု၏ ကာကွယ်ရေး စွမ်းပကားသည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း။

စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများကို မြင့်မားအောင် မြှင့်တင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်မြင့်မားလာသည့်အတွက် အတွေ့အကြုံနှင့် အသိအမြင်များသည်လည်း ရင့်ကျက်လာမည်ဖြစ်ကြောင်း။

### လေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းသည် အနာဂတ် တပ်မတော်ကို တည်ဆောက်နေခြင်းပင်ဖြစ်

တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့် နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အတွင်း၌ မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် တိုက်ပွဲဝင်နိုင်အောင် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေး လေ့ကျင့်ပေးနေမှုများသည် သင်တန်းကျောင်းများအလိုက် အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ အခြေခံစစ်ပညာမှ အစပြု၍ အဆင့်အလိုက် လျော်ညီစွာ တတ်မြောက်ရမည့် အတတ်ပညာ၊ အသိပညာများ ရရှိရေး သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

သင်ကြား လေ့ကျင့်ပေးရာတွင် အတတ်ပညာတစ်ခုကို သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ယင်းအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးမှုဟူ၍ ရှိကြောင်း၊ လက်ရုံးတပ်ဖွဲ့များတွင်လည်း အဆင့်အလိုက်သင်ယူတတ်မြောက်ရမည့် အသိပညာ၊ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ တပ်မတော်တွင် ကဏ္ဍပေါင်းစုံ၌ ပြည့်စုံအောင် ဆောင်ရွက်ပေးထားကြောင်း၊ လေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းသည် အနာဂတ်တပ်မတော်ကို တည်ဆောက်နေခြင်းပင် ဖြစ်သည့်အတွက် လေ့ကျင့်ရေးကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် နည်းပြများအနေဖြင့် ပေါ့ပေါ့တန်တန် သဘောမထားစေလိုဘဲ လေးနက်စွာ သင်ကြားပေးရမည်ဖြစ်ကြောင်း။

### ပြင်ဦးလွင်သည် တပ်မတော်၏ လေ့ကျင့်ရေးဘူမိနက်သန်မြေ ဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံပြဖြစ်နေရမည်

နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် လေ့ကျင့်ရေးဆိုင်ရာ ပညာရပ်နှင့် စာပေပိုင်းဆိုင်ရာ ပညာရပ်ဟူ၍ရှိပြီး နှစ်ဖက်မျှတစွာ တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားနှင့် နည်းပြအချိုးကို အမြဲလေ့လာ ဆန်းစစ်နေရမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဘာသာရပ်များကို စနစ်တကျသင်ကြား လေ့ကျင့်ပေးလိုက်မှသာလျှင် လက်တွေ့နယ်ပယ်၌ ကောင်းမွန်စွာ အသုံးချနိုင်မည်ဖြစ်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း၊ အရည်အချင်း ပြည့်ဝသည့် သင်တန်းသားများ ပေါ်ထွက်လာရေးအတွက် နည်းပြများသည် အရည်အချင်းပြည့်စုံရမည်ဖြစ်သဖြင့် နည်းပြများ ရွေးချယ် တာဝန်ပေးရာတွင်လည်း စနစ်တကျ ရွေးချယ်တာဝန်ပေးအပ်ထားခြင်း ဖြစ်ကြောင်း၊ လေ့ကျင့်ပေးသူများ၏ အရည်အချင်းအပေါ်မူတည်၍ လေ့ကျင့်ခံရသူများ၏ အရည်အသွေးများ ပြောင်းလဲမည်ကို သတိချပ်စေလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျ ကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း။

ပြင်ဦးလွင်သည် တပ်မတော်၏ လေ့ကျင့်ရေး ဘူမိနက်သန်မြေဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံပြဖြစ်နေရမည်ဖြစ်ကြောင်း၊ ဘာသာရပ်ပိုင်း ဆိုင်ရာများအလိုက် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်မှစ၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် သွားလာမှုနှင့် တပ်ပြင်ထွက်ခွင့်များကို ကန့်သတ်ချက်များ ပေးထားသဖြင့် သင်တန်းသားများအနေဖြင့် စာပေပညာ၊ စစ်ပညာများကို လေ့လာသင်ယူချိန် ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ဗဟုသုတရစေမည့် စာပေပညာများကို ဖတ်မှတ်လေ့လာရမည်ဖြစ်ပြီး အချိန်ကို အကျိုးရှိရှိ အသုံးချရန်လိုကြောင်း။

### သင်တန်းသားတစ်ဦးချင်းစီအလိုက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိအောင် သင်ကြားလေ့ကျင့်ပေးရမည်

စစ်ပညာ၊ စာပေပညာများကို သင်ယူနေရသည်ဖြစ်သည့်အတွက် အခြေခံစစ်ပညာသင်ကြားမှုကာလတွင် သင်တန်းသားများအနေဖြင့် ပင်ပန်းကြမ်းတမ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကို ကြံ့ခိုင်မှုရှိအောင် စနစ်တကျဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျန်းမာမှုရှိစေရေးအတွက် အာဟာရပြည့်ဝပြီး ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေသည့် စားသောက်မှုပုံစံကို ဖော်ဆောင်ပေးရမည်ဖြစ်ပြီး ကြံ့ခိုင်သန်စွမ်းမှု ရှိစေရေးအတွက် နည်းစနစ်ကျသည့် လေ့ကျင့်မှုများဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအဖြစ် စတင်ဝင်ရောက်ရန် ရွေးချယ်စဉ်ကတည်းကပင် လိုအပ်သည့် ကိုယ်ခန္ဓာ၊ အရပ်အမောင်းနှင့် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများကို ခံယူခဲ့ရပြီးဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်မှု ပုံစံအလိုက် ရောဂါဘယကင်းဝေးမှု၊ ကျန်းမာကြံ့ခိုင်မှုတို့သည်လည်း ကွာခြားသွားမည်ဖြစ်သဖြင့် တစ်ဦးချင်း၏ နေထိုင်မှုပုံစံ ကောင်းမွန်စေရေး သင်တန်းကျောင်းများ၌ လေ့ကျင့်ပေးလိုက်ရမည်ဖြစ်ကြောင်း၊ သင်တန်းဆင်းပြီးနောက်ပိုင်း ၎င်းတို့၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် ကောင်းမွန်သည့် ဘဝကို ပုံဖော်ဖြတ်သန်းနိုင်အောင် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးနှင့် တစ်ဦး ကိုယ်ခန္ဓာ တည်ဆောက်ပုံခြင်း တူညီမှုရှိမည် မဟုတ်သဖြင့် ၎င်းတို့ လုပ်ဆောင်နိုင်မည့် ခံနိုင်ရည်စံနှုန်းများကို လေ့ကျင့်မှုဖြင့် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ သင်ကြား လေ့ကျင့်ပေးနေရသူများဖြစ်ကြောင်း၊ ထို့ပြင် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေးအတွက်လည်း သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ပြီး တူညီသည့် စိတ်ဓာတ်စည်းကမ်းများကို လေ့ကျင့်ပုံဖော်ပေးရန်လိုပြီး ကျောင်းအလိုက် ကောင်းမွန်သည့် အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းသင်ကြားပေးရန်လိုကြောင်း၊ သင်ကြားသူများ၏ ပုံစံအလိုက် သင်တန်းသားများသည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း။

တပ်မတော်မှ ရိက္ခာနှုန်းထားများသည် စစ်သည်တစ်ဦးချင်း အမှန်တကယ်လိုအပ်သည့် အာဟာရများ ပြည့်ဝစေရေးအတွက် စနစ်တကျ တွက်ချက်ထုတ်ပေးထားခြင်းဖြစ်သဖြင့် ပြည့်ပြည့်ဝဝ စားသုံးနိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည့်ဝစွာ စားသုံးနိုင်ရမည်ဖြစ်သကဲ့သို့ ကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများသည် ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးသည့် သင်တန်းသားများကို မွေးထုတ်ပေးရမည်ဖြစ်သဖြင့် ၎င်းတို့တစ်ဦးချင်းစီ၏ နေထိုင်စားသောက်မှုပုံစံများ စနစ်တကျဖြစ်စေရေး နည်းပြများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ အသက်အရွယ်အလိုက်၊ မျိုးရိုးဗီဇအလိုက် ကွဲပြားခြားနားမှုများ ရှိနိုင်မည်ဖြစ်သော်လည်း တပ်မတော်တွင် သတ်မှတ်ထားသည့် အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်သည့် စံနှုန်းများ ပြည့်မီရန်လိုအပ်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက တပ်မတော်တွင် ဆောင်ရွက်လျက်ရှိသည့် လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၊ သင်တန်းကျောင်းများ၏ လေ့ကျင့်ရေး စံနှုန်းသတ်မှတ်ချက်များ၊ သင်တန်းသားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍ လိုအပ်သည်များကို ယခုကဲ့သို့ အချိန်ယူ၍ မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် လုံခြုံရေးပိုင်းဆိုင်ရာနှင့် ပတ်သက်၍လည်း အရာရှိ၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိကိုယ်တိုင် သတင်းလုံခြုံမှုနှင့် ပတ်သက်၍ သတိထား ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏ မိသားစုဝင်များအနေဖြင့်လည်း သတင်းလုံခြုံမှုနှင့် ပတ်သက်၍ ထိခိုက်မှုမရှိစေရေး လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သင်တန်းကျောင်းများမှ နည်းပြများဖြစ်ပြီး အရည်အချင်းရှိသူများဖြစ်သည့်အတွက် မိမိတို့ လေ့ကျင့်သင်ကြားပေးနေသည့် သင်တန်းသားများကိုလည်း လုံခြုံရေးအသိရှိအောင် သင်ကြားပေးရန်လိုကြောင်း၊ လူမှုကွန်ရက်စာမျက်နှာ၊ အွန်လိုင်းနည်းပညာ အသုံးချမှုများကို အကျိုးရှိသည့် နေရာများ၌သာ အသုံးချရန်လိုပြီး စည်းကမ်းစနစ်တကျရှိရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် စံနမူနာကောင်းပြ၍ ညီညွတ်မျှတသည့် ခေါင်းဆောင်မှုဖြင့် အရည်အချင်း ပြည့်ဝသည့် သင်တန်းသားများ ဖြစ်စေရေး ကြိုးပမ်းလေ့ကျင့် သင်ကြားပေးကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# စုစည်းညီညွတ်သည့်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရမည်

နေပြည်တော် အောက်တိုဘာ ၁၆

မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ခွန်အားစိုက်ထုတ်ဆောင်ရွက်ပါက အောင်မြင်မှုကိုရရှိမည်ဖြစ်သဖြင့် အားပြည့်အင်ပြည့်ဖြင့် အားထည့်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကို မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဦးချင်း အားထည့်ဆောင်ရွက်ခြင်းနှင့် စုစည်းညီညွတ်သည့်အားဖြင့် ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုအောင်မြင်စေမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင်လည်း စုစည်းညီညွတ်သည့်အားကို ရရှိစေမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံယူစဉ်။

အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် တာဝန်ရှိသူများ၊ မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

**တစ်ဦးချင်း၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နေခြင်းပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် က အမှာစကားပြောကြားရာတွင် တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော် ကာကွယ်ရန်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့တိုင်း အနေဖြင့် မိမိတို့၏ တာဝန်များကို မှန်မှန်ကန်ကန် ထမ်းဆောင်နေခြင်းသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နေခြင်းပင် ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့၏ တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ပြီး စည်းကမ်းစနစ်တကျ ရှိနေရမည်ဖြစ်ကာ စွမ်းရည်သုံးရပ် ထက်မြက်အောင် စဉ်ဆက်မပြတ် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ အခြေခံစစ်ပညာမှစ၍ တာဝန်ထမ်းဆောင်ချိန်ကာလတစ်လျှောက်လုံး အဆင့်နှင့်လျော်ညီသည့် အသိပညာ၊ အတတ်ပညာများရရှိရေး သင်တန်းကျောင်းများမှလည်း အမြဲမပြတ် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၌ အောင်မြင်အောင် ဆောင်ရွက်ကြမည်ဆိုပါက ထူးချွန်သည့် တပ်ဖွဲ့များ ဖြစ်လာမည်ဖြစ်ပြီး စွမ်းရည်သုံးရပ် ပြည့်စုံသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ အာရုံစိုက်၍ ခွန်အားစိုက်ထုတ် ဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုကို ရရှိမည်ဖြစ်သဖြင့် အားပြည့်အင်ပြည့်ဖြင့် အားထည့်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကို မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရမည်ဖြစ်ပြီး စိတ်ဓာတ်၊ စည်းကမ်းနှင့် အားထည့်ဆောင်ရွက်တတ်သည့် အလေ့အကျင့်တို့ကို ပေါင်းစပ်လိုက်ပါက စုစည်းညီညွတ်သည့်အားကိုရရှိမည်ဖြစ်ပြီး လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း၊ စုစည်းသည့် အင်အားဖြင့် ဆောင်ရွက်ပါက အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ စွမ်းအားများကို စုစည်းတည်ဆောက်၍ ထုဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုအားဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း အားထည့်ဆောင်ရွက်ခြင်းနှင့် စုစည်းညီညွတ်သည့်အားဖြင့် ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုအောင်မြင်စေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေဖြစ်လာသဖြင့် လိုအပ်ချက်အရ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့တာဝန်ယူ ထမ်းဆောင်ရသည့်အချိန်တွင် မိမိတို့တာဝန်ယူနေရသည့် လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်၏ စုစည်းညီညွတ်သည့်အားကို အသုံးပြုတည်ဆောက်ရန်လိုကြောင်း၊ မိသားစု တစ်ခု၌ပင် အိမ်ထောင်ဦးစီး၊ အိမ်ရှင်မနှင့် သားသမီးတို့ စုစည်းညီညွတ်စွာဖြင့် နေထိုင်မည်ဆိုပါက သာယာပျော်ရွှင်ဖွယ်ဖြစ်သည့် သီရိဂေဟာကို ရရှိနိုင်မည်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လုံခြုံမှုအပြည့်အဝရရှိပြီး စီးပွားတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းအတွက် ယခုကဲ့သို့သော အခြေအနေမျိုးတွင် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ တပ်မတော်သားအားလုံးနှင့် တပ်မိသားစုဝင်များအားလုံး၏ စုစည်းညီညွတ်သည့်အားဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### တပ်တွင်းစည်းလုံးညီညွတ်ရေးကို အောင်မြင်စွာ တည်ဆောက်

စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ စစ်စည်းကမ်းများကို အလေးထားလိုက်နာမည်ဆိုပါက တပ်တွင်းစည်းလုံး ညီညွတ်မှုကို ရရှိမည်ဖြစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးသည် တပ်မတော်အတွက် အရေးကြီးပြီး တပ်ဖွဲ့များအချင်းချင်း စည်းလုံးညီညွတ်မှုရှိပါက တပ်မတော်ကို မည်သူမျှဖြိုခွဲ၍ ရနိုင်မည် မဟုတ်ကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပါတီတစ်ခုနှင့်တစ်ခု၊ အဖွဲ့တစ်ခုနှင့် တစ်ခု နိုင်ငံရေးအရ တိုက်ခိုက်ခြင်းများရှိကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ နိုင်ငံရေးအရ မရင့်ကျက်ခြင်းများကြောင့်ဖြစ်ပြီး တပ်မတော်သည် ခိုင်မာသည့် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် တပ်မတော်၏ ထောက်ခံမှုများကို လိုလားကြကြောင်း၊ သို့သော် အချို့သောအဖွဲ့များက တပ်မတော်အင်အားချည့်နဲ့စေရန် တိုက်ခိုက်မှုများ ရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် နိုင်ငံရေး ပြဿနာများဖြစ်ပေါ်ခဲ့ပြီး အခြေခံဥပဒေအရ တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရကြောင်း၊ ထို့ကြောင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရန်နှင့် တပ်မတော်၏ အင်အားကို ချည့်နဲ့စေရန်ကြိုးပမ်းဆောင်ရွက်လာမှုများ ရှိလာခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှု မှန်ကန်ပြီး တပ်မတော်အတွင်း စည်းလုံးညီညွတ်မှုရှိနေသည့် ကာလတစ်လျှောက်လုံး တိုင်းပြည်ကို ဖြိုခွဲ၍ရနိုင်မည် မဟုတ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ယခင်ကတည်းက ဆောင်ရွက်ခဲ့ပြီး သက်သာချောင်ချိရေး လုပ်ငန်းများ၊ တပ်တည်ဆောက်ရေး လုပ်ငန်းများနှင့် လေ့ကျင့်ရေး လုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်ခဲ့ကြောင်း၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ် စသည်တို့ဖြင့် တပ်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း။

တပ်များအားလုံး စည်းလုံးညီညွတ်မှုရှိစေရေး အတွက် တပ်မှူးခေါင်းဆောင်များ အားလုံးက ဆောင်ရွက်ကြရမည်ဖြစ်ပြီး စစ်စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို မျှမျှတတဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အုပ်ချုပ်မှု ညီညွတ်မျှတမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှု မရှိပါက အုပ်ချုပ်မှုလုပ်ငန်းများကို ထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှုရှိရန် အရေးကြီးလိုအပ်သဖြင့် တပ်မတော်သားအားလုံး အလေးထား နေထိုင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်သားများ သက်သာချောင်ချိရေး အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားပြီး တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲသည့် ခေါင်းဆောင်အသီးသီးမှ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လက်အောက်မှလည်း စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ယခုထက်ပိုမို၍ တပ်တွင်းစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက တပ်ပြင်စည်းရုံးရေးများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အသား၊ ငါးနှင့် ဥများကို ဌာနဆိုင်ရာဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ရောင်းချပေးမှုများလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ တိုင်းပြည် စီးပွားရေးကောင်းမွန်ရန်အတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေး ကောင်းမွန်ရန်အတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိကြစေလိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးကိုသာမက တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုပါ ဆောင်ရွက်မည်ဆိုပါက မိမိတို့၏ သက်သာချောင်ချိရေးကို ပိုမိုအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများ ကောင်းမွန်အောင်မြင်ပါက စိတ်ဓာတ်များ တက်ကြွလာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုပြီး တပ်တွင်း အားကစားပွဲများ ဆောင်ရွက်၍လည်း စိတ်ဓာတ်မြှင့်တင်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားပွဲများတွင် အောင်မြင်မှုသည် အောင်ပွဲခံယူချင်သည့် စိတ်ဓာတ်ကို ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် မည်သည့်အလုပ်ကို ဆောင်ရွက်သည်ဖြစ်စေ အလေးထားဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုများရရှိမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**“စုစည်းသည့် အင်အားဖြင့် ဆောင်ရွက်ပါက အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြရမည်၊ စွမ်းအားများကို စုစည်းတည်ဆောက်၍ ထုဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုအားဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်မည်၊ တစ်ဦးချင်း အားထည့်ဆောင်ရွက်ခြင်းနှင့် စုစည်းညီညွတ်သည့်အားဖြင့် ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုအောင်မြင်စေမည်”**

# ပြည်တွင်းစားနပ်ရိက္ခာဖူလုံအောင် ကြိုးစားအားထုတ်ခဲ့ကြသည့် တောင်သူလယ်သမားကြီးများအားလုံးကို ကျေးဇူးတင်ရှိ

## နိုင်ငံ၏ "စားနပ်ရိက္ခာလူစွမ်းကောင်းများ" အဖြစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မှတ်တမ်းတင်ဂုဏ်ပြု

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။






❑ **မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် နိုင်ငံစီးပွားရေးကို အဓိက မောင်းနှင်နေသည့် ကဏ္ဍကြီးဖြစ်ပြီး အခြားနိုင်ငံများနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ရင်ဆိုင်ခဲ့ရသော်လည်း မိမိတို့အနေဖြင့် ပြည်သူပြည်သားများ၏ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးကို အဓိကထားကာ ပြည်တွင်းသီးနှံသားငါး ထုတ်လုပ်မှုများ ကျဆင်းမသွားအောင် နည်းလမ်းမျိုးစုံဖြင့် အဘက်ဘက်မှ ဆောင်ရွက်ခဲ့**

❍ **ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု အကျပ်အတည်းကြားမှ စားရေရိက္ခာထုတ်လုပ်မှုများ မလျော့ကျဘဲ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံအောင် ကြိုးစားအားထုတ်ခဲ့ကြသည့် တောင်သူလယ်သမားကြီး များအားလုံးကို ကျေးဇူးတင်ရှိ**

❖ *ကျောဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် လူသားတို့ရှင်သန်မှုအတွက် လိုအပ်သည့် စွမ်းအင်ကို အစားအသောက်များမှ ရရှိခြင်းဖြစ်သည့်အတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးတို့သည် ကမ္ဘာ့လူသားများရှင်သန်နေထိုင်ရေးအတွက် အခြေခံအကျဆုံးနှင့်အဓိကအကျဆုံး မရှိမဖြစ် လိုအပ်ချက်များ ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာ့နိုင်ငံများ၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ကမ္ဘာသူ ကမ္ဘာသားများအတွက် အထူးအလေးထားရမည့်နေ့ဖြစ်ကြောင်း။

ကမ္ဘာပေါ်၌ အစာရေစာလုံလောက်စွာ စားသုံးနိုင်ခြင်းမရှိသူဦးရေသည် မြင့်တက်နေဆဲဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စားနပ်ရိက္ခာမဖူလုံသူ လူဦးရေ ၈၂၈ သန်းကျော်ရှိကြောင်းနှင့် ပြီးခဲ့သည့် နှစ်နှစ်အတွင်း စားနပ်ရိက္ခာ ချို့တဲ့သူဦးရေ ၁၃၅ သန်းမှ ၁၉၃ သန်းအထိ မြင့်တက်လာခဲ့ကြောင်းကို ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ထုတ်ပြန်ထားကြောင်း။

**နေ့စဉ်စားရေရိက္ခာလိုအပ်မှု မြင့်တက်နေဆဲ**

ထို့ပြင် ယနေ့တစ်ကမ္ဘာလုံး ရင်ဆိုင်နေကြရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက် ပြန့်ပွားမှုကာလ သုံး နှစ်အတွင်း ထပ်ဆင့်လာသည့် နိုင်ငံအချင်းချင်း ပဋိပက္ခများကြောင့် နိုင်ငံအသီးသီးတွင် စီးပွားရေး တုံ့ဆိုင်းမှု၊ ကျဆင်းမှု၊ ဈေးနှုန်းကြီးမြင့်မှုများနှင့် ရင်ဆိုင်နေကြရကြောင်း၊ အဆိုပါအခြေအနေများ ပေါင်းဆုံသည့်အခါ ပြည်တွင်းထုတ်လုပ်မှု ကွင်းဆက်များကို ပြတ်တောက်စေခဲ့ပြီး ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကိုပါ အကန့်အသတ်ဖြစ်စေခဲ့ကြောင်း၊ တစ်ဖက်တွင် တိုးပွားနေသည့် လူဦးရေအတွက် နေ့စဉ်စားရေရိက္ခာလိုအပ်မှုသည် မြင့်တက်နေဆဲဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှု မလျော့ကျအောင် ထိန်းကျောင်းရန်နှင့် တိုးတက်ထုတ်လုပ်နိုင်ရန် အထူးလိုအပ်လာကြောင်း။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် နိုင်ငံစီးပွားရေးကို အဓိကမောင်းနှင်နေသည့် ကဏ္ဍကြီးဖြစ်ပြီး အခြားနိုင်ငံများနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ရင်ဆိုင်ခဲ့ရသော်လည်း မိမိတို့ အနေဖြင့် ပြည်သူပြည်သားများ၏ စားရေရိက္ခာ ဖူလုံရေးနှင့် အာဟာရပြည့်ဝရေးကို အဓိကထားကာ ပြည်တွင်းသီးနှံသားငါး ထုတ်လုပ်မှုများ ကျဆင်း မသွားအောင် နည်းလမ်းမျိုးစုံဖြင့် အဘက်ဘက်မှ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ် တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေး နိုင်ခဲ့ကြောင်း၊ လယ်ယာသားငါးကဏ္ဍပို့ကုန် တန်ဖိုး အနေဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၃၅ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် ပထမ ခြောက်လတာကာလအတွင်း ပို့ကုန်တန်ဖိုးစုစုပေါင်း၏ ၃၄ ဒသမ ၆ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ကြောင်း။

**တောင်သူလယ်သမားကြီးများကို ကျေးဇူးတင်ရှိ**

ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူ တောင်သူလယ်သမားကြီးများနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ပါဝင်သူများ၏ လက်မလျှော့တမ်း ကြိုးပမ်းမှုများကြောင့်ဖြစ် ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု အကျပ်အတည်းကြားမှ စားရေရိက္ခာထုတ်လုပ်မှုများ မလျော့ကျဘဲ ပြည်တွင်းစားနပ်ရိက္ခာဖူလုံအောင် ကြိုးစားအားထုတ်ခဲ့ကြသည့် တောင်သူလယ်သမား ကြီးများအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့်နိုင်ငံ ၏ "စားနပ်ရိက္ခာလူစွမ်းကောင်းများ" အဖြစ် ကမ္ဘာ့ စားနပ်ရိက္ခာနေ့တွင် မှတ်တမ်းတင်ဂုဏ်ပြု ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေး လုပ်ငန်းစဉ် (၂) ရပ်ဖြစ်သည့် **"တိုင်းပြည် သာယာ ဝပြောရေး" နှင့် "စားရေရိက္ခာဖူလုံရေး"** ဆောင်ရွက် ရာတွင် လယ်ယာကဏ္ဍ ထုတ်လုပ်မှုတိုးတက်မြင့်မား ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဒေသ ပေါင်းစုံ၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ၊ အလုပ်သမား၊ လယ်သမား၊ လူကြီး၊ လူငယ်၊ အမျိုးသမီး၊ ကလေး၊ မသန်စွမ်းသူ မည်သူမျှ မကျန်ရစေဘဲ စားရေရိက္ခာ ဝဝလင်လင် ရရှိစားသုံးနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ မတူကွဲပြားသည့် ရာသီဥတု၊ ရေမြေသဘာဝ အခြေအနေများအရ သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းရှိသည့်အတွက် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပြည်ပပို့ကုန်သီးနှံဖြစ်သော စပါးကို ဧက ၁၇ ဒသမ ၄ သန်း စိုက်ပျိုးခဲ့ပြီး အထွက်တင်းပေါင်း ၁၃၁၅ သန်း ထုတ်လုပ်နိုင်ခဲ့ကာ အခြားအရေးကြီး သီးနှံများဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အစေ့ ထုတ်ပြောင်း စသည့်သီးနှံမျိုးစုံတို့ကို နိုင်ငံတစ်ဝန်း စုစုပေါင်း စိုက်ဧက ၄၈ ဒသမ ၄၀ သန်းအထိ စိုက်ပျိုး နိုင်ခဲ့ကြောင်း၊ သီးနှံစုံထွက်ရှိသည့် ပမာဏသည် ယခင်ပုံမှန် ထွက်ရှိမှုထက် သိသိသာသာလျော့ကျမှု မရှိဘဲ စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ နှင့် ချည်မျှင်ရှည်ဝါတို့သည် ယခင်နှစ်ထက်ပိုမိုထွက် ရှိခဲ့ကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် အသားထုတ်လုပ်မှု ပိဿာ ၃၆၀ ဒသမ ၁၄ သန်း၊ ဥပေါင်း ၁၈၂၂ ဒသမ ၂၂ သန်း၊ နို့ပိဿာ ၆၅၇ ဒသမ ၀၄ သန်း၊ ရေချိုငါး/ ပုစွန်ထုတ်လုပ်မှု ပိဿာ ၁၀၇၄ ဒသမ ၃၄ သန်း၊ ရေငန်ငါး/ ပုစွန်ပိဿာ ၁၁၄၇ ဒသမ ၃၇ သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း။

စားသုံးဆီကို ပြည်ပမှတင်သွင်းမှုလျှော့ချနိုင် ရေးနှင့် ပြည်တွင်းစားသုံးမှု ဖူလုံစေရေး မြေပဲနှင့် နှမ်းအပြင် ဆီထွက်နှုန်းကောင်းမွန်သည့် ဆီအုန်း၊ နေကြာ၊ မုန်ညင်းနှင့် ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ခြင်း၊ ဖွဲနု၊ ဝါစေ့နှင့်ပြောင်းဖူး ကဲ့သို့သော ဘေးထွက်ပစ္စည်းများမှ ဆီထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးထုတ်လုပ်မှုကို မြှင့်တင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အဝတ်အထည်အတွက် အရေးကြီးသော ချည်မျှင်များ ဖူလုံစွာထုတ်လုပ်နိုင်ရန် "ဝါ"ကို အဓိကသီးနှံ အဖြစ် မြှင့်တင်ဆောင်ရွက်ရေးနှင့် စက်မှုကဏ္ဍ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ ခေတ်မီတိုးတက် စေရေးတို့အတွက် နိုင်ငံတော်အစိုးရက တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် စားနပ်ရိက္ခာအတွက် အရေးကြီးသည့် သီးနှံများကိုဧရိယာတိုးချဲ့စိုက်ပျိုးခြင်းထက် သီးထပ် စွမ်းအားတိုးတက်စေရေး စီမံချက်များချမှတ် ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ဈေးနှုန်း သက်သာစွာ ဖြန့်ဖြူးနိုင်ရေးနှင့် ပုဂ္ဂလိကမျိုးစေ့ထုတ် ကဏ္ဍတိုးတက်လာစေရေးအတွက် ဌာန၊ သမဝါယမ၊ ကုမ္ပဏီစသည်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ ကြောင်း။

မျိုးစေ့ထုတ်လုပ်ခြင်း၊ ရာသီဥတုပြောင်းလဲမှု အပေါ်မူတည်၍ ရေမြေ၊ ဒေသအလိုက် လိုက်လျော ညီထွေဖြစ်မည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဆည်ရေ လုံလောက်စွာမရရှိသည့် ဒေသများတွင် ဝင်ငွေရရှိစေနိုင်မည့် သီးနှံများ ပြောင်းလဲ စိုက်ပျိုး ခြင်းနှင့် သက်တမ်းတိုဟင်းသီးဟင်းရွက်များ စိုက်ပျိုး ခြင်း၊ ဒေသဝမ်းစာဖူလုံရေး အစီအမံများ ချမှတ် အကောင်အထည်ဖော်ခြင်း၊ စိုက်ပျိုးနည်းပညာပေး လုပ်ငန်းများ မြှင့်တင်ခြင်း စသည့်လုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိကြရာ အောင်မြင်အောင် အကောင်အထည်ဖော် ဆက်လက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရမည်**

ငါးသယံဇာတထိန်းသိမ်းပြီး ရေရှည်တည်တံ့စေ ရေးအတွက် ငါးမဖမ်းရ ရာသီသတ်မှတ်ခြင်း၊ တရား မဝင်ငါးဖမ်းဆီးမှု ပပျောက်စေရေးအတွက် ငါးဖမ်း ရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးစနစ်နှင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ မျိုးစိတ်တစ်ခုချင်း အလိုက်နှင့် ငါးဖမ်းဧရိယာအလိုက် ငါးမဖမ်းရနယ်မြေ များ သတ်မှတ်ခြင်း၊ တားမြစ်ထားသည့် ငါးဖမ်း ကိရိယာများဖြင့် ငါးမဖမ်းဆီးရေးအတွက်စောင့်ကြည့် စစ်ဆေးခြင်းနှင့် ငါးသယံဇာတတည်ရှိမှုအကဲဖြတ် လေ့လာဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံအတွင်း အာဟာရချို့တဲ့မှုနှုန်း မြင့်မားခြင်းကို လျှော့ချရန်ရည်ရွယ် ရေးဆွဲထားသည့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ(၅) နှစ် စီမံကိန်း(၂၀၁၈-၂၀၂၃)ကို သက်ဆိုင် ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ် ကြောင်း။ *စာမျက်နှာ ၇ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၆ မှ*

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှု နောက်ကျနေသေးသည့် ဒေသများတစ်ပြိုင်တည်း ဖွံ့ဖြိုးလာစေရန် ကျေးလက်ဒေသ ပြောင်းလဲဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

**အခွင့်အလမ်းများနှင့် အကျိုးတရားများရရှိမည်**

ကျေးလက်ဒေသပြောင်းလဲဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားမြင့်မားခြင်း၊ စီးပွားရေးလုပ်ငန်းများဖြစ်ထွန်းခြင်း၊ ဈေးကွက်ဝင်ထုတ်ကုန်များ ပိုလျှံစွာထွက်ရှိခြင်း၊ ကွဲပြားခြားနားသည့် ထုတ်လုပ်မှုပုံစံနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပေါ်ထွန်းလာခြင်း လုပ်ငန်းများဖြစ်ပေါ်စေရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသအလိုက် သင့်လျော်သည့် လယ်ယာပြင်ပလုပ်ငန်းများ၊ စွန့်ဦးတီထွင်မှုအခွင့်အလမ်းများ၊ ဒေသဖွံ့ဖြိုးမှုအတွက် သက်ဆိုင်သည့် မူဝါဒချမှတ်မှုများတွင် ပါဝင်နိုင်စွမ်းများ မြင့်မားလာရမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများသည် အဆိုပါအခွင့်အလမ်းများနှင့် အကျိုးတရားများကို ရရှိမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသစီးပွားရေးနှင့်ဖွံ့ဖြိုးမှုကို ကျယ်ကျယ်ပြန့်ပြန့် မြင့်မားစေပြီး လူတိုင်းစေ့ငှသည့် ရေရှည်တည်တံ့ဖွံ့ဖြိုးသော ကျေးလက်ဒေသများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသ ပြောင်းလဲဖွံ့ဖြိုးခြင်းဖြင့် မြေယာပိုင်ဆိုင်မှု၊ နည်းပညာအသုံးပြုမှု၊ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်နိုင်မှု၊ မြို့ပြရောက်လုပ်သားများ ပြန်လည်ကူးလူး ပြောင်းရွှေ့လာမှုများ ဖြစ်ပေါ်လာပြီး ကျေးလက်ဒေသအတွက် ဘက်စုံအကျိုးတရားများ ရရှိမည်ဖြစ်ကြောင်း၊ နောက်ဆုံးတွင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြီးပြည့်စုံသည့် ပြောင်းလဲမှုများကို ကျေးလက်နေပြည်သူများရရှိစေမည်ဖြစ်ကြောင်း။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး**

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ဆောင်နိုင်ရေး အရင်းမပျောက် မတည်ငွေထုထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးတို့ကို ဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်စေခြင်း၊ တစ်နိုင်တစ်ပိုင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများကို နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိစေရေး လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးဖွံ့ဖြိုးမှုကို ပြန်လည်မြှင့်တင်နိုင်ရန်၊ ငွေကြေးမတည်ငြိမ်မှုကြောင့်ရိုက်ခတ်လျက်ရှိသည့် အကျိုးဆက်များမှ ကာကွယ်နိုင်ရန်၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဈေးကွက်လိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်မှုဟန်ချက်ညီစေရန် ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှု နောက်ကျနေသေးသော ဒေသများဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချပေးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအဖြစ် ငွေကျပ်ဘီလီယံ ၄၀၀ ထူထောင်ပြီး အကျိုးတူလယ်ယာစနစ်ကို တိုင်းဒေသကြီးများနှင့် မြစိမ်းရောင်စိုက်ပျိုးမွေးမြူရေးစီမံကိန်းများကို ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး၏ ယခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်မှာ "Leave no one behind. Better Production, Better Nutrition, a Better Environment and a Better Life" **"ထွက်ကုန်မြှင့်တင်တိုးထုတ်လျှင် ကောင်းမွန်ပြည့်ဝ အာဟာရ၊ ဝန်းကျင်လှပ တို့ဘဝ၊ လူတိုင်းစေ့ငှ ရရှိကြ"** ဟု ချမှတ် တိုက်တွန်းနှိုးဆော်ထားကြောင်း။

မိမိတို့အစိုးရသည် ပြည်သူပြည်သားအားလုံး နေ့စဉ်စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ ကျေးလက်ဒေသနေပြည်သူအားလုံး၏ လူမှုစီးပွားဘဝနှင့်လူနေမှု အဆင့်အတန်းမြင့်မားလာရေး၊ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ရေး၊ ဒေသအသီးသီးအချိုးညီ ဖွံ့ဖြိုးလာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အလေးထား၍ ပြည်သူကိုဗဟိုပြုဆောင်ရွက်လျက်ရှိကြောင်း။

လယ်ယာကဏ္ဍ လုပ်ငန်းနယ်ပယ်အသီးသီး၌ ပါဝင်သူအားလုံး၏ စိတ်အားထက်သန်စွာပါဝင်မှုနှင့် လယ်ယာကဏ္ဍထွက်ကုန်များ မြှင့်တင်တိုးထုတ်နိုင်ရေး တက်ညီလက်ညီ အားထုတ်ကြိုးပမ်းကြမည်ဆိုလျှင် ကောင်းမွန်ပြည့်ဝသည့် စားနပ်ရိက္ခာနှင့် အာဟာရကို တစ်ယောက်မကျန်အားလုံးရရှိကြပြီး ပြည့်စုံပျော်ရွှင်သော လူမှုဘဝနှင့် သာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားတွင် မြန်မာနိုင်ငံ၏ သီးနှံ၊ သားငါး၊ ရိက္ခာထုတ်လုပ်မှုစနစ် ပိုမိုတိုးတက်ကောင်းမွန်လာရေး ကြိုးပမ်းကြရန်အတွက် ရည်ရွယ်ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေးလုပ်ငန်း၊ ငါးလုပ်ငန်း၊ ဆည်ရေအသုံးချမှု စီမံခန့်ခွဲမှုနှင့် သစ်တောစိုက်ခင်းဆောင်ရွက်မှုတို့တွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သည့် တောင်သူများ၊ လုပ်ငန်းရှင်များ၊ အဖွဲ့များအား ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်မည့် အခြေအနေများနှင့် လယ်ယာကဏ္ဍနှင့် စားနပ်ရိက္ခာ အာဟာရပြည့်ဝရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ပြုလုပ်သော ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ World Food Day 2022 Video Message နှင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုးနှင့် ဦးခင်မောင်ရီတို့က ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ထူးချွန်ဆု ရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံစားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ မှတ်တမ်းနှင့်ပိုစတာများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ထူးချွန်ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

◆ **စားသုံးဆီကို ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံစေရေး မြေပဲနှင့် နှမ်းအပြင် ဆီထွက်နှုန်းကောင်းမွန်သည့် ဆီအုန်း၊ နေကြာ၊ မုန်ညင်းနှင့် ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဖွဲနု၊ ဝါစေ့နှင့် ပြောင်းဖူးကဲ့သို့သော ဘေးထွက်ပစ္စည်းများမှ ဆီထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးထုတ်လုပ်မှုကို မြှင့်တင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း "ရာမာယဏ" ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းရာမဇာတ်တော်ကြီးအဖွဲ့ သရုပ်ဖော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း "ရာမာယဏ" ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၆** (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပသည့် "ရာမာယဏ" ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ "ရာမာယဏ" ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းရာမဇာတ်တော်ကြီးအဖွဲ့က မူရင်း ရာမာယဏဇာတ်တော်ကြီး၏ တီးလုံး တီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အက အလှများ နှင့် အနုပညာ ရသမြောက် ပေါင်းစပ်၍ သရုပ်ဖော်ယှဉ်ပြိုင်နေမှုကို ပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အကဲ ဖြတ်ဒိုင်အဖွဲ့များနှင့်အတူ ကြည့်ရှု အားပေးကြသည်။

"ရာမာယဏ" ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်အဖွဲ့များက အောက်တိုဘာ ၁၂ ရက်မှ ယနေ့အထိ သရုပ်ဖော် ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ပညာရေးအရည်အသွေး တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလို



**နေပြည်တော် အောက်တိုဘာ ၁၆** မြို့နယ်ပညာရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ကျင်းပ သည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွှန့်ဖေက မိမိတို့မြို့နယ်ပြန်ရောက် သည့်အခါ ယခုဆွေးနွေးပွဲမှရရှိ သည့် အတွေ့အကြုံ ဗဟုသုတနှင့် ပညာရပ်များဖြင့် ကျောင်းအုပ်ကြီး များ မွမ်းမံသင်တန်းဖွင့်လှစ် လေ့ကျင့်ကြရမည် ဖြစ်ကြောင်း၊ အသိပညာ အတတ်ပညာများ လက်ဆင့်ကမ်း ဆောင်ရွက်ခြင်း ဖြင့် ပညာရေးဝန်ထမ်းများ၏ အရည်အသွေးနှင့် စီမံခန့်ခွဲမှုများ ပိုမိုမြှင့်တင် ဆောင်ရွက်ပေးနိုင် မည်ဖြစ်ကြောင်း၊ ပညာရေးအရည် အသွေး တိုးတက်မြင့်မားရေး အတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်း ဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် အလုပ်ရုံဆွေးနွေး ပွဲသို့ တက်ရောက်လာကြသည့် ပညာရေးဝန်ထမ်းများ နှင့်တွေ့ဆုံ ၍ မြို့နယ်ဒေသအလိုက် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း ၍ အပြန်အလှန်ဆွေးနွေး ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အမြဲတမ်း အတွင်းဝန် ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန် ကြားရေးမှူးများ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ မြို့နယ်ပညာ ရေးမှူး ၁၃၅ ဦးနှင့် လက်ထောက် ညွှန်ကြားရေးမှူး ၃၀ တို့ တက် ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အဆောက်အအုံ၊ လမ်း၊ တံတားဆောင်ရွက်နေမှုများကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၆** ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန် နေ့ နံနက်ပိုင်းက နေပြည်တော်- တပ်ကုန်းမှတစ်ဆင့် ရန်ကုန်- တောင်ငူ - မန္တလေးလမ်း တစ်လျှောက်ကို လည်းကောင်း၊ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက် ရှိသော မိတ္ထီလာ- တောင်ကြီး- လမ်းပိုင်းကို လည်းကောင်း၊ တောင်ကြီးမြို့နယ် စဝ်စံထွန်း ဆေးရုံကြီး၌ သုံးထပ်လူနာ ဆောင် ပေ (၅၀x၆၀) ဆောက်လုပ် နေမှုကို လည်းကောင်း၊ ဟိုပုံးမြို့ နိုင်ငံ့ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ်အိမ်ရာ စီမံကိန်းသို့ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယ ဝန်ကြီးသည် တောင်ကြီးမြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၌ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ အဆောက်အအုံ ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတား ဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုး ရေးဦးစီးဌာနတို့မှ အရာထမ်း အမှုထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက လူပုဂ္ဂိုလ်လုံခြုံရေး၊ စက်ယာဉ်၊ ယန္တရားများလုံခြုံရေး၊ ရုံး၊ အဆောက်အအုံ လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ် စည်းမျဉ်း၊ စည်းကမ်း ပြဋ္ဌာန်းချက်ပါအတိုင်း ပါတီနိုင်ငံ ရေးကင်းရှင်းရန် လိုကြောင်း၊ မိသားစုစိတ်ဓာတ်ဖြင့် လုပ်ငန်း တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းရေးရာ ကိစ္စရပ်များအပေါ် ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပသည့် မွန်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်အဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။






**မွန်ရိုးရာကကြိုး၊ ကကွက်များ ကျွမ်းကျင်ပိုင်နိုင်စွာကပြ**

အဆိုပါ ပြိုင်ပွဲတွင် အလွတ်တန်းအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အကအဖွဲ့များက ဟင်္သာတို့ရဲ့ပျော်ရာမြေ သီချင်းနောက်ခံဖြင့် လှပတင့်တယ် ကျက်သရေရှိလှသည့် မွန်တိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ ကျင်းပသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်များ၏ သီဆိုယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

**အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေးတေးသီချင်းများ**

အဆိုပါ ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲဝင်များက ထင်ရှားကျော်ကြားလှသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းများဖြစ်သော တပင်ရွှေထီး၊ လှေပွဲနှင့် ကောင်းစားတော့မည် စသည့် တေးသီချင်းများအား ငြိမ့်ညောင်းသာယာနားဝင်ပီယံ ရှိစေမည့်အပြင် နားဆင်သူများအဖို့ စိတ်အားထက်သန်စေမည့် အသံနေအသံထားများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်ခဲ့ကြသည်။

**အနုပညာရသပေါ်လွင်စွာ ယှဉ်ပြိုင်**

ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ရှိ Plenary Hall ၌ မြန်မာအကအခြေခံကဗျာလွတ် (ပထမအဆင့်) အကပြိုင်ပွဲများနှင့် News Briefing Room ၌ ဂီတာအတီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာ ရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက် ရှိကြသည့်အပြင် အနုသုခုမကို စိတ်ဝင်စားကြသည့် ဝါသနာရှင်များကလည်း တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ၏ နှစ် (၅၀) ပြည့် ရွှေရတုသဘင် အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

**မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် မွန်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တက်ရောက်ကြသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) နာယက မိဥဥအောင်နှင့် ဥက္ကဋ္ဌ ဒေါက်တာ မင်းခင်စိန် တို့က မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြည်ထောင်စုခန်းမအတွင်း မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ပြခန်းကို ကြည့်ရှုအားပေးသည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား ရာတွင် မွန်လူမျိုးများသည် သမိုင်းအစဉ်အလာကြီးမားပြီး စာပေ၊ ယဉ်ကျေးမှုနှင့်အနုပညာတို့ကို မြတ်နိုးကြသူများဖြစ်သည့်အပြင် စည်းလုံးညီညွတ်မှုရှိသောလူမျိုးတစ်မျိုးဖြစ်ကြောင်းကို လေ့လာတွေ့ရှိရကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် ပါတီနိုင်ငံရေးနှင့် ဆက်သွယ်မှုမရှိဘဲ မိမိတို့၏ စာပေနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုသာ ဆောင်ရွက်ကြရမည့်အဖွဲ့အစည်းပင်ဖြစ်ကြောင်း။။

တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်တိုးတက်ခိုင်မာလာစေရန်နှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန်မှာ မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်ပြီး ယင်းမျှော်မှန်းချက်အတိုင်းလည်း အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကိစ္စရပ်များ ထိန်းသိမ်းမြှင့်တင်ရာတွင် လိုအပ်သည့်အကူအညီများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများမှလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများမှတစ်ဆင့် လည်းကောင်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန (ရုံးချုပ်) သို့ လည်းကောင်း လိုအပ်သည့် အကူအညီများကို တင်ပြတောင်းခံနိုင်ပါကြောင်း။။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်သည် စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုရှိမှ တိုင်းပြည်ငြိမ်ဝပ်ပိပြားပြီး တိုင်းပြည်အေးချမ်းသာယာမည်ဖြစ်ကြောင်း၊ တိုင်းပြည်အေးချမ်းသာယာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးနှင့် အေးချမ်းသာယာမှုမှသည် ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဦးတည်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးက လူမျိုးတစ်မျိုး တည်တံ့ခိုင်မြဲရေးသည် ဘာသာ၊ စကား၊ စာပေတို့ မပျောက်ပျက်ရန် အလွန်အရေးကြီးကြောင်း၊ စကား၊ စာပေပျောက်ကွယ်လျှင် လူမျိုးပါပျောက်ကွယ်သွားမည်ဖြစ်ပြီး မိမိတို့လူမျိုး မပျောက်ပျက်စေရန် ဘာသာစကား၊ စာပေနှင့်ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ကြရန် အရေးကြီးလှပါကြောင်း ပြောကြားသည်။

ထို့နောက် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ဂုဏ်ထူးဆောင်နာယက နိုင်ချစ်ဖေက ဝမ်းမြောက်စကားပြောကြားပြီး မွန်စာပေနှင့် ယဉ်ကျေးမှု (ရန်ကုန်) နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်က ရွှေရတုသဘင် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မွန်စာပေနှင့်ယဉ်ကျေးမှု (ရန်ကုန်) နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဒေါက်တာမင်းခင်စိန်တို့က ၁၉၇၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ် (၅၀) အတွင်း မွန်စာပေနှင့် ယဉ်ကျေးမှု (ရန်ကုန်) တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မွန်ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့၌ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေး အခြေခံစားသောက်ကုန် ထုတ်လုပ်မှုများ ကြည့်ရှုပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အသေးစား၊ အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်း(MSME) များ ကြည့်ရှုအားပေး

ပုသိမ် အောက်တိုဘာ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းတို့သည် ယနေ့တွင် ကျရောက်သော ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေး အခြေခံစားသောက်ကုန်ထုတ်လုပ်မှုများကြည့်ရှုပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME )များကို ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မြောင်းမြမြို့ မြဟေမာရပ်ကွက် စက်မှုဇုန်ရှိ ခိုင်ဖြိုးကျော် ပုဂ္ဂလိကဆန်စက်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း(MSME) လုပ်ငန်းရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် ဒေသထွက် ဆန်၊ စပါးအမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)** မြောင်းမြစက်မှုဇုန်ကို မြေအကျယ်အဝန်း ၅၈ ဧကတွင် ၂၀၀၅ ခုနှစ် မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းတွင် ခိုင်ဖြိုးကျော်၊ မနောသုခ-၁၊ မနောသုခ-၂၊ မြသီတာ၊ ထိန်လင်းရတနာနှင့် ဝေဖြိုးထွန်း ဆန်စက်ခြောက်လုံး၊ ဆန်ကွဲမှ ထုတ်လုပ်သော ကပ်စေးနဲ သကြားရည်စက်ရုံ နှစ်ရုံ၊ မနောသုခနှင့် မြသီတာ ပေါင်းဆန်စက်ရုံ နှစ်ရုံ၊ ကွမ်းသီးပေါင်းစက်ရုံ တစ်ရုံနှင့် ကွန်ကရစ်တိုင်လုပ်ငန်းစက်ရုံတို့ စုဖွဲ့တည်ဆောက်၍ လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ခိုင်ဖြိုးကျော် ပုဂ္ဂလိက ဆန်စက်တွင် ဆန်စက်နှင့် ဆက်စပ်ဆောင်ရွက်လျက် ရှိသော အခြောက်ခံစက်၊ စပါးခွံသိုလှောင်ရုံ၊ စပါးခွံလောင်စာတောင့် စက်ရုံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့တွင် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုရာ စက်ရုံလုပ်ငန်းရှင် ဦးဇော်မျိုးကြည် နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ အဆိုပါ တန် ၂၀၀ စွမ်းအားရှိ ဆန်စက်ကို မြေအကျယ်အဝန်း ၄ ဒသမ ၇၁ ဧကတွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ ယနေ့အထိလုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်လျက်ရှိကြောင်း၊ ယင်းစက်ရုံမှထွက်ရှိသော ဆန်များကို ပြည်တွင်းဈေးကွက်အပြင် အာရှနှင့် ဥရောပနိုင်ငံများအထိ ရန်ကုန်မြို့မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိရာ ယခုအခါ ပုသိမ်ဆိပ်ကမ်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းနောက် မြောင်းမြမြစ်ကမ်းဘေးရှိ စပါးခွံလောင်စာစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြရာ တာဝန်ရှိသူများက စက်ရုံကို ၂၀၁၈ ခုနှစ် မတ်လတွင် တည်ဆောက်ခဲ့၍ စမ်းသပ်မောင်းနှင်ခဲ့ရာ ၁ ဒသမ ၈ မဂ္ဂါဝပ်မျှော်မှန်းသော်လည်း ၁ ဒသမ ၆ မဂ္ဂါဝပ် ရရှိပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများ မကြာမီပြီးစီးမည်ဖြစ်ရာ စဉ်ဆက်မပြတ်မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က စက်ရုံအမြန်ဖွင့်လှစ်လည်ပတ်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ စက်ရုံအတွင်း ကြည့်ရှုလေ့လာကြသည်။

အဆိုပါစက်ရုံမှာ ၂၀၀၆ ခုနှစ်တွင် မြန်မာနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဂျပန် နည်းပညာကို အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စက်ရုံလည်ပတ်ပါက မြောင်းမြစက်မှုဇုန်ရှိ တန် ၅၀/၆၀ စက်ရုံ ငါးရုံခန့် (သို့မဟုတ်) တန် ၂၀၀ စွမ်းအားရှိသော စက်ရုံ နှစ်ရုံခန့်ကို ဓာတ်အားပေးနိုင်မည့်အပြင် ပိုလျှံသော ဓာတ်အားများကို နိုင်ငံတော်မဟာဓာတ်အားလိုင်းသို့ ဆက်သွယ်ပေးပို့၍ ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြောင်းမြမြို့ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၏ မြောင်းမြဒေသ သုတေသန ဇဟိုဌာနသို့ သွားရောက်ကြရာ ရှင်းလင်းဆောင်ဒ္ဓ တာဝန်ခံ ဒေါ်ဖြူပြာလွင်က ဌာန၏ တည်နေရာ၊ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်၊ မြေယာပိုင်ဆိုင်မှု၊ ရာသီဥတုအခြေ အနေ၊ ဖွဲ့စည်းပုံနှင့် ရာသီအလိုက် သုတေသနလုပ်ငန်း ဆောင်ရွက်မှုများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများက ဆုချီးမြှင့်မှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိသော စပါးစိုက်ကွင်းများတွင် ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုနှင့် မျိုးစေ့ ထုတ်လုပ်ထားမှုများကို လိုက်လံရှင်းလင်းပြသမှုနှင့်အတူ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန မြောင်းမြဒေသသုတေသန ဇဟိုဌာနတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာစဉ်။

အဆိုပါ သုတေသနဌာနတွင် လယ်မြေ ဧက ၅၀၊ နှစ်ရှည်သီးနှံငါးဧက စိုက်ပျိုးထားရှိပြီး မစိုက်ပျိုးနိုင်သော မြေ ၂၂ ဒသမ ၉၄ ဧက အပါအဝင် စုစုပေါင်း မြေဧက ၇၇ ဒသမ ၉၄ ဧက ကျယ်ဝန်းကာ တောင်သူများသို့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ သုတေသနလုပ်ငန်းများအဖြစ် ဆည်ရေသောက်လယ်စပါး နှစ်ကွက်၊ အရည်အသွေးကောင်း စပါးနှစ်ကွက်၊ ပြောင်းစိုက်ပျိုးရေးတစ်ကွက်တို့အား လည်းကောင်း၊ လိုက်လျောညီထွေရှိသည့် ရေရှည်တည်တံ့မည့် စိုက်ပျိုးရေးဆိုင်ရာ သုတေသန လုပ်ငန်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများကို လည်းကောင်း၊ ဒေသသုတေသန စိုက်ပျိုးရေးလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၁၀ ရက်အတွင်း ထူးခြားမှုအနေဖြင့် အလားအလာကောင်းသော မိုးရေသောက် လယ်စပါးမျိုးသစ် (IRTP–30480) ကိုလည်းကောင်း၊ အလားအလာကောင်းသော ဆည်ရေသောက် လယ်စပါး မျိုးသစ် (TP–21654) ကိုလည်းကောင်း၊ နိုင်ငံတော် မျိုးစေ့ကော်မတီသို့ မှတ်ပုံတင်ထားသော ဆားငန်ခံစပါးမျိုးသစ် (YSTR–12, MKSTR–22) (ရေမောင်) ကို လည်းကောင်း တွေ့ရှိမှတ်တမ်းတင်နိုင်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ပန်းတနော်မြို့နယ် ဘုရားကျောင်းကျေးရွာအုပ်စု ရန်ကုန်-ပန်းတနော် - ဝါးခယ်မလမ်း မိုင်တိုင်အမှတ် (၁၇/၄) မိုင်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစားသောက်ကုန်ထုတ်လုပ်မှု စီမံကိန်းသို့ သွားရောက်ရာ တာဝန်ရှိသူများက နိုင်ငံတော်၏ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာများ ထည့်သွင်း၍ Smart Culture မွေးမြူရေးတည်ဆောက်ရန် စိုက်ပျိုးရေးသီးနှံ ဘေးထွက်ပစ္စည်းများကို Value Added ငါးအစာအဖြစ် ပြောင်းလဲထုတ်လုပ်ရန်နှင့် ရေထွက်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများကို ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်မှုနှင့်အတူ နိုင်ငံခြားဝင်ငွေပိုမိုရရှိရန် စသည့်ရည်မှန်းချက်များဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ၂၀၀၉ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံကိန်းဧရိယာအတွင်း မျိုးငါးများ ထိန်းသိမ်းခြင်း၊ စနစ်တကျ ငါးသားပေါက်ခြင်းနှင့် ငါးသားပေါက်ပြုစုခြင်း၊ စနစ်တကျ ငါးမွေးမြူခြင်း၊ အစာထုတ်လုပ်ခြင်းနှင့် ငါးစာကျွေးမွေးခြင်း၊ စနစ်တကျ ငါးပြုပြင်ထုတ်လုပ်ခြင်း၊ ငါးအသား အလျင်အမြန်အေးခဲခြင်း၊

*စာမျက်နှာ ၁၁ သို့*

# ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးနှင့် ဖျာပုံမြို့များရှိ ပြည်သူ့ဆေးရုံများသို့ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရေဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းတို့နှင့်အတူ အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက မြောင်းမြမြို့ရှိ သူနာပြုသင်တန်းကျောင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားခဲ့ရာတွင် သူနာပြု/သားဖွားသင်တန်းကျောင်းများသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုအတွက် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည့်အတွက် ဂုဏ်ယူကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သူနာပြုများအတွက် ဝတ်စုံစရိတ်၊ စားစရိတ်၊ အုပ်ချုပ်မှုစရိတ်များကို ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း၊ သူနာပြုများအနေဖြင့် မိမိတို့၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် အမြဲကြိုးစားရမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သူနာပြုကျင့်ဝတ်များနှင့်အညီ သူနာပြုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ကြစေလိုကြောင်း၊ သင်တန်းသူ သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း ပြည်သူ့ဆေးရုံကြီးများ၌ တာဝန်ထမ်းဆောင်ချိန်တွင် သူနာပြုကျင့်ဝတ်များနှင့်အညီ ကြိုးစားသင်ယူကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းလမ်းညွှန် အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြောင်းမြသူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ကြီး (လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်နော်ကပေါ်ရီးက သင်တန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းအတွင်း စာကြည့်တိုက်နှင့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံကြီး – မြောင်းမြမြို့သို့ ရောက်ရှိရာ ရေးဦးစွာ ဆေးရုံအုပ်ကြီးက ဆေးရုံလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိထိရောက်စွာဖြင့် အသုံးချရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် အားကိုးအားထားရသည့် ဆေးရုံကြီးဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ကုသရေး အထောက်အကူပြု ဓာတ်ခွဲ/ ဓာတ်မှန် လုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်အောင် ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်ဝန်ထမ်းများအတွက် risk allowance ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးပညာကျင့်ဝတ် (Ethics and Professionalism)ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် စောင့်ထိန်းရမည်ဖြစ်ပြီး အတ္တဟိတ၊ ပရဟိတ မျှတစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအကျိုးကို ရှေးရှု၍ ဆေးရုံလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင် တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးရုံကြီးအတွင်းရှိ ဓာတ်မှန်ဌာန၊ ကွန်ပြူတာဓာတ်မှန်ဌာန၊ သွားနှင့် ခံတွင်းကုသရေးဌာန၊ ဓာတ်ခွဲဌာန၊ ကျောက်ကပ်သွေးသန့်စင်ဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ ဆေးရုံဥပမိရပ် ကောင်းမွန်စေရေးနှင့် ဆေးရုံပတ်ဝန်းကျင်သာယာလှပမှုရှိစေရေး၊ လူနာများဆေးကုသမှုကုန်ကျစရိတ်အတွက် မိမိအိတ်ကပ်ထဲမှ စိုက်ထုတ်သုံးစွဲမှု (Out of Pocket Expenditure)မရှိစေရေးနှင့် ဝန်ကြီးဌာနမှ ထောက်ပံ့ထားသည့် ဆေးနှင့် ဆေးပစ္စည်းများကို ထိရောက်စွာနှင့် အလေအလွင့်မရှိ အသုံးပြုနိုင်ရေး လမ်းညွှန်မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်ကျွန်း ပြည်သူ့ဆေးရုံနှင့် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံများသို့ သွားရောက်၍ ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆေးကုသရေးအထောက်အကူပြု လုပ်ငန်းများဖြစ်သည့် ဓာတ်ခွဲ/ ဓာတ်မှန်လုပ်ငန်းများ အပြည့်အဝလည်ပတ်ဆောင်ရွက်နိုင်ရေးနှင့် လူနာများဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုအတွက် ငွေကြေးကုန်ကျစရိတ်မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးက ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လမ်းညွှန်မှာကြား ဖြည့်ဆည်းပေးခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးရုံကြီးအတွင်းရှိ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ဌာန၊ အထူးကြပ်မတ်ကုသဆောင်နှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ မွေးဖွားပြီး မိခင်များကို အာဟာရလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ငါးအခြေခံထုတ်လုပ်မှု၏ ဘေးထွက်ပစ္စည်းများမှ တန်ဖိုးမြင့် အစားအစာ Value Added အဖြစ် ထုတ်လုပ်ခြင်း၊ အလိုအလျောက် ထိန်းချုပ်အသုံးပြုနိုင်သော အအေးခန်းသိုလှောင်မှု စနစ်ကျင့်သုံးခြင်း၊ စပါးခွံအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ် တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာနှင့် ရုံးခန်းများ တည်ဆောက်ခြင်း၊ လမ်းတံတားများနှင့် မြောင်းများ တည်ဆောက်ခြင်း၊ မြေဖို့လုပ်ငန်းနှင့် ရေနုတ်မြောင်း၊ ရေသွင်းမြောင်း ၊ ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ ငါးကန်များ တည်ဆောက်ခြင်း၊ စိမ်းလန်းစိုပြည်လှပရေးအတွက် သစ်ပင်/ ပန်းပင်များ စိုက်ပျိုးခြင်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းစင်ရေး အစီအမံထားရှိဆောင်ရွက်ခြင်းတို့ဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

အဆိုပါ စီမံကိန်းကို Global Earth Co.,ltd က နိုင်ငံခြားငွေ US $88.482 သန်း အပါအဝင် ငွေကျပ် ၂၀၀ ဘီလီယံ ရင်းနှီးမြှုပ်နှံပြီး မြေဧက ၃၆၅၀ တွင် စီမံကိန်းကာလအတွင်း အမြဲတမ်း ဝန်ထမ်း ၆၀၀၊ ယာယီဝန်ထမ်း ၂၅၀၀ ဖြင့် စတင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်ပါက အလုပ်သမားအင်အား ၅၀၀၀ ခန့်အထိ အလုပ်အကိုင် ရှာဖွေပေးနိုင်မည်ဖြစ်၍ ဆက်စပ်လုပ်ငန်းများတွင်လည်း လူဦးရေ ၃၀၀၀ ခန့် အလုပ်အကိုင် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ယခုအခါ တစ်ဧက ငါးအထွက်နှုန်း ပိဿာ ၆၀၀၀၀ (တန်ချိန် ၁၀၀) နှုန်းဖြင့် မွေးမြူနိုင်ခြင်း၊ ငါးရှင်သန်မှု ၉၅ ရာခိုင်နှုန်းအထိ ကောင်းမွန်ခြင်း၊ ငါးအရည်အသွေး ထူးခြားခြင်း၊ တစ်နှစ်ပတ်လုံး ငါးသားဖောက်နိုင်ခြင်း၊ ငါးအသားဖြူခြင်း၊ အနံ့မရှိခြင်း၊ ဆီပါဝင်မှုနည်းခြင်း၊ Food Conversion Ratio (FCR) ထိန်းနိုင်ခြင်း စသည့်နိုင်ငံတကာ ဈေးကွက်ဝင်သော ငါးများထုတ်လုပ်နိုင်ခြင်း ငါးတစ်ကောင်လုံးကိုတန်ဖိုးမြင့် စားသောက်ကုန် Value Added & Hygenic Food များ ထုတ်လုပ်ပေးနိုင်ခြင်းများ တိုးတက်ရရှိနေကြောင်း၊ စီမံကိန်း (Project) တစ်ခုလုံး ပြီးစီးပါက ရေထွက်ပစ္စည်းနှင့် အစားအသောက်တင်ပို့မှု Export Income ပိုမိုရရှိကာ နှစ်စဉ်နိုင်ငံခြားဝင်ငွေ မြင့်တက်လာနိုင်သဖြင့် မြန်မာ့ရေလုပ်ငန်းစီးပွားရေးကဏ္ဍတိုးတက်လာမှုနှင့်အတူ ဒေသတွင်း လုပ်ငန်းများနှင့် တစ်ဦးချင်း ဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပုသိမ်တက္ကသိုလ်သို့ သွားရောက်ကြရာ တက္ကသိုလ်အဝင် မုခ်ဦးနေရာမှ အင်ကြင်းဆောင်ရှေ့အထိ လျှောက်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုကြသည်။

အဆိုပါ ကွန်ကရစ်လျှောက်လမ်းမှာ အရှည်ပေ ၁၇၀၀ ရှိပြီး အရှည်ပေ ၇၀၀ တွင် Color Brick ခင်းခြင်း၊ ရေထုတ်ပြွန် ငါးစင်းထည့်သွင်းတည်ဆောက်ခြင်း၊ လက်ရန်းတပ်ဆင်ခြင်း၊ လက်ဝဲယာပန်းအလှနှင့်မြက်ခင်းစိုက်ပျိုးခြင်းတို့ဖြင့် ငွေကျပ် ၁၆၁ ဒသမ ၄ သန်းခန့် အသုံးပြုဆောင်ရွက်နေခြင်း ဖြစ်သည်။ ထို့နောက် ပုသိမ်မြို့တွင်းသန့်ရှင်းသာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ သွားရောက်ကြပြီး စာကြည့်တိုက်၊ ကလေးစာဖတ်ခန်းများနှင့် ဝန်ဆောင်မှုပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်/ခရိုင်(ပြန်/ဆက်) ဝန်ထမ်းများ၊ ပုသိမ်ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများနှင့် တိုင်းရင်းသားရုပ်သံသတင်းအဖွဲ့မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် အစိုးရနှင့် ပြည်သူတို့အကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးနိုင်ရန်နှင့် ဧရာဝတီတိုင်းဒေသကြီး၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုဖော်ထုတ်ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုဏ္ဏားကျွန်းမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၁၆ လက်မ၊ လှိုင်းတက်မြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ဝမ်းတွင်းမြို့တွင် ၁ ဒသမ ၀၉ လက်မ၊ ရွှေကျင်မြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၀ ဒသမ ၉၈ လက်မစီနှင့် ပေါက်တောမြို့တွင် ၀ ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် – တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်– တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံဘဏ်များအသင်း၏ အသင်းဝင်ဘဏ်များအနေဖြင့် AML/CFT ဆိုင်ရာ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

၁။ မြန်မာနိုင်ငံဘဏ်များအသင်းသည် အသင်းစတင်တည်ထောင်သည့် (၁.၄.၁၉၉၉) ရက်နေ့မှစ၍ မိမိအသင်းဝင်ဘဏ်များအနေဖြင့် ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ဘဏ်လုပ်ငန်းများအား တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း အထူးအလေးပေး ကြပ်မတ်ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။ AML/CFT ဆိုင်ရာ သတင်းပို့ အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံထားရသည့်ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit – FIU) မှ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များအား တိကျစွာလိုက်နာကြရန် တာဝန်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဘဏ်များအသင်း၏ ပုံမှန်ကျင်းပသည့် အစည်းအဝေးများတွင် ဘဏ်များ AML/CFT ဆိုင်ရာ လိုက်နာအကောင်အထည်ဖော်မှု တိုးမြှင့် ဆောင်ရွက်ရန်အတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။

**AML/CFT ဆိုင်ရာ ဆပ်ကော်မတီအားဖွဲ့စည်းခြင်း**

၃။ မြန်မာနိုင်ငံဘဏ်များအသင်းသည် AML/CFT ဆိုင်ရာကိစ္စရပ်များအား အသင်းဝင်ဘဏ်များအတွင်း လိုက်နာမှုပိုမိုအားကောင်းစေရန်နှင့် လိုအပ်သော အသိပညာပေးအစီအစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် (၁၅.၁၀.၂၀၂၁) ရက်နေ့မှ စတင်၍ AML/CFT ဆိုင်ရာ ဆပ်ကော်မတီတစ်ရပ်အား အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေး အရာရှိများဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ဆပ်ကော်မတီအား AML/CFT ဆိုင်ရာ ကိစ္စရပ်များသာမက အဆိုပါကိစ္စနှင့်ဆက်စပ်လျက်ရှိသည့် လိုက်နာဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီအား Prudential/ AML–CFT/ Fraud/ Risk ကော်မတီအမည်ဖြင့် (၂၀၂၂) ခုနှစ်တွင် ပြင်ဆင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

**ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၃) အကောင်အထည်ဖော်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ချက်များ**

၄။ မြန်မာနိုင်ငံဘဏ်များအသင်း၏ အသင်းဝင်ဘဏ်များအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၃) အကောင်အထည်ဖော်မှုတွင် ရာနှုန်းပြည့်အောင်မြင်မှုရှိစေရန်အတွက် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များအလိုက် AML/CFT ဆိုင်ရာ သင်တန်းပေးပို့မှု ချောမွေ့စေရန်၊ သတင်းအရင်းအမြစ်များအား စိစစ်ရာတွင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန်၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူအပါ အဝင် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာသတင်းအချက်အလက်များ (KYC/CDD) ရယူရာတွင် တိကျ မှန်ကန်မှုရှိစေရန်၊ ရရှိသော သတင်းအချက်အလက်များအား အတည်ပြုခြင်း/ အချက်အလက်များထိန်းသိမ်းထားမှုများ ပြည့်စုံမှန်ကန်ရေး စသည့်နယ်ပယ်များတွင် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ထို့အပြင် အသင်းဝင်ဘဏ်များ၌ AML/CFT ဆိုင်ရာမူဝါဒများ (policy)၊ လိုက်နာဆောင်ရွက်ရမည့် အစီအစဉ်များ procedures များ ရေးဆွဲထားရှိ အကောင်အထည်ဖော်နိုင်ရေးကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းများကြောင့် AML/CFT ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၃) အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရာနှုန်းပြည့် အောင်မြင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

**ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) သို့ သတင်းပေးပို့ချက်များ ပေးပို့ခြင်းနှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ခြင်း**

၆။ မြန်မာနိုင်ငံဘဏ်များအသင်း/ အသင်းဝင် ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတဆင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ တောင်းခံလာသည့် ငွေကြေးခဝါချမှု/ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ သံသယဖြစ်ဖွယ် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်သော သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြပေးပို့လျက်ရှိပါသည်။ အဆိုပါသတင်းပေးပို့ချက်များနှင့် စပ်လျဉ်း၍ Law Enforcement အဖွဲ့များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ထပ်မံတောင်းခံလာသည့် သတင်းအချက်အလက်များကို ထပ်မံပေးပို့ခြင်း၊ FIU နှင့် CBM တို့မှ ညွှန်ကြားချက်များအတိုင်း သံသယဖြစ်ဖွယ်ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်းများအား ယာယီငွေသွင်း/ငွေထုတ်တားမြစ်ခြင်း၊ အပြီးတိုင် ငွေစာရင်း ပိတ်သိမ်းခြင်းများကို တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်အရ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ကိစ္စရပ်များကိုလည်း ညွှန်ကြားချက်အတိုင်း စာရင်းပိတ်သိမ်းဆည်း၍ နိုင်ငံတော်သို့အပ်နှံခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

**AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း**

၇။ မြန်မာနိုင်ငံဘဏ်များအသင်းသည် အသင်းဝင်ဘဏ်များရှိ လိုက်နာဆောင်ရွက်ရေးဝန်ထမ်းများအပါအဝင် ဘဏ်တွင်တာဝန်ထမ်းဆောင်နေသူများအနေဖြင့် AML/CFT ဆိုင်ရာ အသိပညာ တိုးပွားစေရန်အတွက် အသိပညာပေးအခြေခံသင်တန်းများအား ဖွင့်လှစ်ပို့ချဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ အခြေခံသင်တန်းတွင် AML ဥပဒေ/ FATF အကြံပြုချက် အချက် (၄၀)၊ AML ဆိုင်ရာ အခြေခံသိသင့်သော အကြောင်းအရာများ၊ AML ဆိုင်ရာဝေါဟာရများအား သက်ဆိုင်ရာ အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေးအရာရှိများက မြန်မာနိုင်ငံဘဏ်များအသင်း လက်အောက်ရှိဘဏ်သင်တန်းကျောင်းနှင့် ပူးပေါင်းဖွင့်လှစ်ပို့ချခဲ့ပါသည်။ ယခုအချိန်ထိ အခြေခံသင်တန်း စုစုပေါင်း (၅) ကြိမ် ဖွင့်လှစ်ခဲ့ပြီး အသင်းဝင်ဘဏ်များမှ အရာထမ်း/ ဝန်ထမ်း စုစုပေါင်း ၄၀၈ ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။

၈။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် အသင်းဝင်ဘဏ်များမှ Senior Management အဆင့်ရှိသူများကိုလည်း AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်း တစ်ကြိမ်ပို့ချပေးခဲ့ပြီး ဘဏ်အသီးသီးမှ စီမံခန့်ခွဲသူအဆင့်အရာရှိကြီး ၃၆ ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံဘဏ်များအသင်းအနေဖြင့် အခြေခံအဆင့်သင်တန်း တက်ရောက်ပြီးသည့် ဘဏ်ဝန်ထမ်းများအား AML/CFT ဆိုင်ရာ အသိပညာပိုမိုရရှိစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာရှိကြီးများ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) မှအရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အရာရှိကြီးများ၊ အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေးအရာရှိများအား ဖိတ်ကြား၍ AML/CFT Certificate သင်တန်းအား ပထမဆုံးအကြိမ် ပို့ချလျက်ရှိပြီး အဆိုပါသင်တန်းတွင် အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေးဆိုင်ရာ ဝန်ထမ်းစုစုပေါင်း ၈၇ ဦး သင်တန်းတက်ရောက်လျက်ရှိပါသည်။

၉။ ထို့အပြင် အသင်းဝင်ဘဏ်များမှလည်း သက်ဆိုင်ရာဘဏ်များအလိုက် မိမိဘဏ်ရှိ အရာထမ်း/ ဝန်ထမ်းများအား AML/CFT ဆိုင်ရာ အသိပညာတိုးပွားစေရန်နှင့် လက်တွေ့လိုက်နာ ဆောင်ရွက်မှုအားကောင်းစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ FIU၊ ရှေ့နေချုပ်ရုံး စသည်တို့မှ ပညာရှင်များနှင့်ပူးပေါင်း၍ အသိပညာပေးသင်တန်းများ ပြုလုပ်ပေးပြီး ဘဏ်ဝန်ထမ်းအဆင့်ဆင့်အား AML/CFT ဆိုင်ရာ အသိပညာတိုးပွားရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**လူအများအပြားသေကြေစေသော လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်စေရန် အသိပညာပေးခြင်း**

၁၀။ လူအများအပြား သေကြေစေသော လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ပစ်မှတ်ထားသည့် ငွေကြေးဆိုင်ရာ အရေးယူမှုများ လိုက်နာဆောင်ရွက်နိုင်စေရန်အတွက်လည်း အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေးအရာရှိများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ AML/CFT ဆိုင်ရာ Certificate အဆင့် သင်တန်းတွင် ထည့်သွင်းပို့ချ၍ အသိပညာမြှင့်တင်မှု ဆောင်ရွက်ခဲ့ပါသည်။

**အသင်းဝင်ဘဏ်များ ပူးပေါင်းဆောင်ရွက်မှုများ**

၁၁။ ဘဏ်များအသင်း၏ လက်အောက်ခံ ဆပ်ကော်မတီတစ်ခုဖြစ်သည့် Prudential/ AML–CFT/ Fraud/ Risk ကော်မတီသည် အသင်းဝင်ဘဏ်များမှ လိုက်နာဆောင်ရွက်ရေးအရာရှိများဖြင့် ဖွဲ့စည်းထားပြီးဖြစ်၍ အသင်းဝင်ဘဏ်များအချင်းချင်းအကြား AML/CFT ဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်ကောင်းတစ်ခုဖြစ်သကဲ့သို့ ဘဏ်များအတွင်း Compliance Culture ပိုမိုထွန်းကားပြန့်ပွားစေရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ဆပ်ကော်မတီ၏ ဦးဆောင်မှုဖြင့် အသင်းဝင်ဘဏ်များမှ ဝန်ထမ်းများအားလုံးကို AML/CFT ဆိုင်ရာ အသိပညာသာမက အခြားလိုအပ်သော အသိပညာပေးသင်တန်းများ စဉ်ဆက်မပြတ်ပို့ချနိုင်စေရန် ဆောင်ရွက်နိုင်ရေး ဦးတည်ကြိုးပမ်းလျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဘဏ်များအသင်း**

(၁၆–၁၀–၂၀၂၂)

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၄၇၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၀၃၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသားကျောင်းသူ ၂၆၆ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အပါအဝင် (ယာပုံ) မြို့နယ် သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်နှင့် ရေနံချောင်းမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# တူကီယဲနိုင်ငံမြောက်ပိုင်း၌ ကျောက်မီးသွေးတွင်းပေါက်ကွဲမှုကြောင့် သေဆုံးသူ ၄၁ ဦးအထိရှိလာ

**အန်ကာရာ အောက်တိုဘာ ၁၆**

တူကီယဲနိုင်ငံမြောက်ပိုင်း၌ မြေအောက်ကျောက်မီးသွေးတွင်းတစ်ခု ပေါက်ကွဲမှုဖြစ်ပွားရာ သေဆုံးသူပေါင်း ၄၁ ဦးအထိရှိလာကြောင်း တူကီယဲသမ္မတ ရီဆက် တေရစ်အာဒိုဂန်က ပေါက်ကွဲမှုဖြစ်ပွားသည့် ဘာတင်ပြည်နယ်၌ အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုမှာ အမစ်ရာမြို့၌ အောက်တိုဘာ ၁၄ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က မြေပြင်အောက် ၃၀၀ မီတာတွင် ဖြစ်ပွားခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် အလုပ်သမား ၁၁၀ ပိတ်မိနေပြီး ၅၈ ဦးမှာ ၎င်းတို့ဘာသာထွက်ရန် စီစဉ်ခဲ့ပြီး ဒဏ်ရာရရှိသူ ၁၁ ဦးရှိကာ ဆေးရုံတက်ရောက်ကုသနေကြောင်း ပြည်နယ်နှင့် ဒေသတွင်းအာဏာပိုင်များက ပြောကြားသည်။

**စုံစမ်းစစ်ဆေးသွားမည်**

မိုင်းတွင်းမတော်တဆမှုများကို အဆုံးသတ်ရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်သွားမည်ဟု အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိနေသည့် သမ္မတ အာဒိုဂန်က ကတိပြုပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို ဖော်ထုတ်ရန် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာပိုင်များက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သမ္မတ က သတင်းထောက်များကို ပြောကြားသည်။

ကနဦးတွေ့ရှိချက်များအရ ပေါက်ကွဲမှုဖြစ်ပွားရခြင်းမှာ မီးလောင်မှုကြောင့် ဖြစ်နိုင်ကြောင်း စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဝန်ကြီး ဖာတီဒန်မက်ဇ်က ပြောကြားသည်။ **ဆင်ဟွာ**




ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကျောက်မီးသွေးတွင်းကို တွေ့ရစဉ်။

# ဗြိတိန်ဘုရင်မကြီး သေဆုံးမှုအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် ဝက်ဝံရုပ်များ တော်ဝင်မိသားစုက ကလေးဂေဟာသို့ လှူဒါန်းသွားမည်

**လန်ဒန် အောက်တိုဘာ ၁၆**

ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘတ် ၂ သေဆုံးမှုအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ပြည်သူများက နန်းတော်ပြင်ပတွင် ချန်ရစ်ထားခဲ့သည့် ပက်ဒင်တန် ဝက်ဝံရုပ်အပါအဝင် အခြားသော ဝက်ဝံရုပ်ပေါင်း ၁၀၀၀ ကို ကလေးစောင့်ရှောက်ရေးဂေဟာသို့ လှူဒါန်းမည်ဖြစ်ကြောင်း



နန်းတော်ပြင်ပတွင် ချန်ရစ်ထားခဲ့သည့် ပက်ဒင်တန် ဝက်ဝံရုပ်များထဲမှ တစ်ရုပ်ကို တွေ့ရစဉ်။

ဘာကင်ဟမ်နန်းတော်က အောက်တိုဘာ ၁၅ ရက်တွင် ပြောသည်။

စက်တင်ဘာ ၈ ရက်တွင် ဘုရင်မကြီး သေဆုံးသွားပြီးနောက် လန်ဒန်နှင့် ဝင်ဆာရှိ တော်ဝင်မိသားစုနေထိုင်ရာ နန်းတော်ရှေ့တွင် ပန်းပင်လယ်ကြီးဖြစ်ခဲ့ရပြီး ဝက်ဝံရုပ်များကိုလည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ်ချန်ထားခဲ့ကြသည်။ အဆိုပါဝက်ဝံရုပ်များကို သန့်စင်ပြီးနောက် ဘာနာဒိုကလေးဂေဟာသို့ လှူဒါန်းသွားမည်ဖြစ်သည်ဟု ပြောသည်။

ဗြိတိန်ဘုရင်မကြီးမှာ ဘာနာဒို ဂေဟာ၏ အကြီးအကဲအဖြစ်ဆယ်စုနှစ်သုံးစုကြာလုပ်ကိုင်ခဲ့သည်။ အဆိုပါ ဝက်ဝံရုပ်များသည် ကလေးငယ်များကို ပျော်ရွှင်မှုများ ပေးစွမ်းနိုင်မည်ဟုလည်း ဗြိတိန်ပရဟိတအဖွဲ့ အစည်းအကြီးအကဲ လင်းပယ်ရီကပြောသည်။ ပက်ဒင်တန်ဝက်ဝံရုပ်မှာ ဗြိတိန်ဘုရင်မကြီး၏ ထီးနန်းစိုးစံမှုနှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ပလက်တီနမ်ပါတီပွဲတွင် ဘုရင်မကြီးကို ရည်ညွှန်းသည့် အရုပ်ဖြစ်လာခဲ့သည်။

လွန်ခဲ့သည့်လက နန်းတော်ရှေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ထားရှိခဲ့သည့် ပန်းများကိုလည်း သစ်ပင်များစိုက်ပျိုးရာတွင် အသုံးပြုနိုင်မည့်မြေဆွေးအဖြစ် အသုံးပြုထားသည်ဟု လန်ဒန်တော်ဝင်ပန်းခြံက ကြေညာခဲ့သည်။ **အေအက်ဖ်ပီ**

# အိန္ဒိယနိုင်ငံ၌ ဘုရားကျောင်းမှအပြန် ယာဉ်တိုက်မှုဖြစ်ပွား၍ ကိုးဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၁၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတကာပြည်နယ်တွင် အောက်တိုဘာ ၁၆ ရက်က ယာဉ်မတော်တဆမှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း နယ်မြေခံရဲတစ်ဦးက ဖုန်းဖြင့်ပြောကြားသည်။

ကာနာတကာပြည်နယ် ဟက်ဆန်ခရိုင်တွင် ယာဉ်သုံးစီးမတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများ လိုက်ပါသည့်ယာဉ်မှာ နို့ကားတစ်စီးနှင့် ပြည်နယ်အစိုးရ ဘတ်စ်ကားတစ်စီးကြားတွင် ကြေမွသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။




သေဆုံးသူများသည် ဘုရားကျောင်းတစ်ခုသို့ သွားရောက်လည်ပတ်ပြီးနောက် အိမ်သို့ပြန်လာခဲ့ကြသည်။ သေဆုံးသူများထဲတွင် အမျိုးသမီး နှစ်ဦး၊ ကလေး လေးဦးနှင့် အမျိုးသား သုံးဦးတို့ပါဝင်ကြောင်း ရဲတစ်ဦးက ပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ် ဘာဆာဗာရက်ဂျ်ဘွန်မိုင်က သေဆုံးမှုအတွက် ဝမ်းနည်းကြောင်း ဖော်ပြထားသည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ရေကြီးမြေပြိုမှုဒဏ်ကို လူပေါင်း ၅၅၀၀၀ ကျော် ခံစားခဲ့ရ

**ကိုလံဘို အောက်တိုဘာ ၁၆** – သီရိလင်္ကာနိုင်ငံတွင် ပြီးခဲ့သည့် ၇၂နာရီ အတွင်း ရေကြီးမြေပြိုမှုဒဏ်ကို လူပေါင်း ၅၅၀၀၀ ထိခိုက်ခံစားခဲ့ရပြီးလူ သုံးဦးသေဆုံးခဲ့သည်ဟု သဘာဝဘေးစီမံခန့်ခွဲရေးစင်တာကအောက်တိုဘာ ၁၆ ရက်တွင် ပြောသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမြေပြိုမှုများမှာ အောက်တိုဘာ၁၉ ရက်အထိ ဖြစ်ပွားနိုင်ခြေရှိသည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုမှ ပြောသည်။ ခရိုင်ခြောက်ခုအတွက် မြေပြိုမှုသတိပေးချက်ထုတ်ပြန်ထားပြီး ရာသီဥတုဆိုးရွားမှုသတိပေးချက်ကိုလည်း ထပ်မံထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# မက္ကဆီကိုနိုင်ငံ ယမကာဆိုင်တစ်ခု၌ ပစ်ခတ်မှုဖြစ်ပွား၊ လူ ၁၂ ဦး သေဆုံး

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၆**

မက္ကဆီကိုနိုင်ငံအလယ်ပိုင်းရှိ ယမကာဆိုင်တစ်ခုတွင် အောက်တိုဘာ ၁၅ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာလူ ၁၂ ဦးသေဆုံးခဲ့သည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။

ဂိုဏ်းအချင်းချင်း အကြမ်းဖက်မှုဖြစ်စဉ်များသည် အဆိုပါဒေသတွင် အန္တရာယ်ကြီးသည့် ဖြစ်ရပ်အဖြစ် ကြီးထွားလာသည်။ ဂွာနာယူတိုပြည်နယ်တွင် ပြိုင်ဘက်မူးယစ်ဂိုဏ်းနှစ်ဂိုဏ်းဖြစ်သည့် ဆန်တာရိုဆာဒီလီမာနှင့် ဂျက်စ်လီကို နယူးဂျန်နရေးရှင်းတို့မှာ လောင်စာဆီမှောင်ခိုလုပ်ခြင်းနှင့် မူးယစ်ဆေးသယ်ဆောင်ခြင်းတို့ကို အဓိကပြုလုပ်လေ့ရှိပြီး အခြားသော ရာဇဝတ်မှုများကျူးလွန်လေ့ရှိသည်။

အောက်တိုဘာ ၁၅ ရက်က ပစ်ခတ်မှုမှာ ည ၈ နာရီဝန်းကျင်တွင် လက်နက်ကိုင်အုပ်စုတစ်စု ဘားအတွင်းသို့ ဝင်လာခဲ့ပြီး ဆိုင်အတွင်းလာရောက်လည်ပတ်သူများနှင့် ဝန်ထမ်းများကို ပစ်ခတ်ခဲ့သည်။ အဆိုပါ ပစ်ခတ်မှုကြောင့် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး ခြောက်ဦး သေဆုံးခဲ့သည်။ နောက်ထပ် သုံးဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။ ပစ်ခတ်မှုကျူးလွန်သူများ၏ အသေးစိတ်အချက်အလက်များကိုမူ ပြည်နယ်အစိုးရက ကြေညာခဲ့ခြင်းမရှိပေ။

ပစ်ခတ်မှုကျူးလွန်သူများနောက်သို့ ပြည်နယ်ရဲများနှင့် အစိုးရရှေ့နေရုံးမှ ဝန်ထမ်းများ၊ ဝန်ထမ်းများက ခြေရာခံလျက်ရှိသည်။ အဆိုပါ ပစ်ခတ်မှုမှာ တစ်လအတွင်း ယင်းပြည်နယ်တွင် ဒုတိယမြောက်အကြီးဆုံးပစ်ခတ်မှုလည်းဖြစ်သည်။ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း အဆိုပါဒေသတွင် လူသတ်မှုပေါင်း ၂၁၁၅ ဖြစ်ပွားခဲ့သည်။

**အေအက်ဖ်ပီ**

# အစားအစာလုံခြုံစိတ်ချမှုရှိစေရေး ပိုမိုရင်းနှီးမြှုပ်နှံသွားရန် ကမ္ဘောဒီးယားနှင့် ကုလအေဂျင်စီများ တောင်းဆို

**ဖနောင်ပင် အောက်တိုဘာ ၁၆**

ကပ်ဆိုက်သည့်ကာလများနှင့် အခက်အခဲကြုံတွေ့သည့် ကာလများတွင် အာဟာရပြည့်ဝသည့် အစားအသောက်များရရှိစေရေး လုံခြုံစိတ်ချမှုရှိရန်အတွက် ပိုမိုရင်းနှီးမြှုပ်နှံသွားရန် ကမ္ဘောဒီးယားအစိုးရ၊ ကုလသမဂ္ဂဆိုင်ရာစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို) နှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)တို့က အောက်တိုဘာ ၁၆ ရက်တွင် တောင်းဆိုခဲ့သည်ဟု ပူးတွဲသတင်းထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် အဆိုပါတောင်းဆိုချက်ကို ပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၂၀၃၀ ပြည့်နှစ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် စားနပ်ရိက္ခာ စနစ်များအမျိုးသားလမ်းပြမြေပုံကို ကမ္ဘောဒီးယားက ချမှတ်ထားကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မကြာသေးမီက ထုတ်ပြန်ထားသော စျေးကွက်အရ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကကျသော အစားအစာဖြစ်သည့် ဆန်စျေးနှုန်းမှာ ယခုအချိန်အထိ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Present Perfect Tense အကြောင်း ပြည့်ပြည့်စုံစုံ ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about a visitor on the street in English" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာ အသုံးများတဲ့ အဓိပ္ပာယ်တူ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ နားလည်ရလွယ်ကူအောင် ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာလည်း Present Perfect (အတိတ်ပြီးမြောက်ကာလ) အကြောင်း ဆက်ပြီးဖော်ပြလိုက်ပါတယ်။ ဒီ Tense ဟာနေ့စဉ်ဘဝမှာ အသုံးများတဲ့ Tense တစ်မျိုးဖြစ်ပြီး နေရာအလိုက်အသုံးပြုပုံတွေလည်း အမြောက်အမြားရှိတဲ့အတွက် သူ့ရဲ့အသုံးပြုပုံတွေကို အသေအချာ မှတ်သားထားစေချင်ပါတယ်။

Present Perfect ကို

- to denote an action beginning at some time in the past and continuing up to the present moment (often with since– and for– phrases); as
  လုပ်ဆောင်ချက်တစ်ခုဟာ အတိတ်ကာလအချိန်တစ်ခုခုမှာ စတင်ခဲ့ပြီး အခုလက်ရှိအချိန်အထိ ဆက်ဖြစ်နေတဲ့အခါ (since နဲ့ for ဆိုတဲ့ အချိန်ကာလကို ဖော်ပြတဲ့ စကားစုတွေ) နဲ့လည်း present perfect tense ကိုသုံးနိုင်ပါတယ်။
  ဒီနေရာမှာ
  since = the start of the period (စတင်ဖြစ်ချိန်)
  for = a period of time (ကြာချိန်)

For since

| since |
|---|
| Monday<br>9 o'clock<br>24 July<br>January<br>1985<br>Wednesday<br>12:30<br>Christmas<br>I was ten years old<br>we arrived |




For for

| for |
|---|
| three days<br>an hour<br>a week<br>a month<br>five years<br>ten minutes<br>two hours<br>four weeks<br>six months<br>a long time |

Example: I have known him for a long time.
He has been ill since last week.
We have lived here for ten years.
We haven't seen Padma for several years.
Richard has been in Canada for six months.
I've lived in London since I was ten years old.

- Present Perfect Tense ကိုလေ့လာတဲ့အခါမှာ gone နဲ့ been ကိုလည်း ချန်ထားလို့မရပါဘူး။ ဒါကြောင့် ဒီနေရာမှာ gone နဲ့ been အကြောင်းကို ရှင်းပြသွားပါမယ်။

Gone

Christine: Where's Bill?

Daisy: He's away. He's gone to Spain.

(Bill has gone to Spain. = He is in Spain now.)

ဒီဝါကျတွေကိုလေ့လာကြည့်တဲ့အခါ Bill ဟာအခု Spain မှာ ရောက်နေတယ်လို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။

Been

*two weeks later*

Christine: Hello, Bill.

Bill: Hello, I've been on holiday. I've been to Spain. (Bill has been to Spain. = He went to Spain but now he is back.)

ဒီဝါကျတွေကိုလေ့လာကြည့်ရင် Bill ဟာ စပိန်ကနေပြီး ပြန်ရောက်လာပြီဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။

ဒါကြောင့် gone = ရောက်နေတယ်။
been = ရောက်ဖူးတယ်၊ ရောက်ခဲ့တယ် ဆိုပြီး အလွယ်မှတ်ထားရင် gone နဲ့ been တို့ရဲ့ အသုံးနဲ့ပတ်သက်ပြီး မရောထွေးနိုင်တော့ပါဘူး။

Example: I can't find Susan. Where has she gone?
(= Where is she now?)
Oh, hello Susan! I was looking for you.
Where have you been?

- အခုတစ်ခါ Present Perfect ကို ever နဲ့တွဲပြီး မွေးကတည်းက အခုရောက်နေတဲ့အချိန်အထိ ဘဝတစ်လျှောက်လုံးမှာ ဘာတွေ လုပ်ခဲ့ဖူးသလဲလို့ မေးခွန်းမေးနိုင်သလို ဘာမှမလုပ်ခဲ့ဘူး၊ တစ်ခုခုမလုပ်ခဲ့ဖူးဘူးဆိုရင်တော့ never နဲ့ပြန်ဖြေနိုင်ပါတယ်။

Example: *Has* Ann *ever been* to Australia? Yes, once.
*Have you ever played* golf? Yes, I often play golf.
My mother *has never travelled* by air.
*I've never ridden* a horse.
Who is that man? I don't know. *I've never seen* him before.

## VOCABULARY (SYNONYMS)

1. mariner = sailor (သင်္ဘောသား)
2. maximum = most (အများဆုံး)
3. meagre = scanty (နည်းပါးသော၊ မစို့မပို့ဖြစ်သော)
4. melancholy = sad (စိတ်အားငယ်သော၊ အလွန်ဝမ်းနည်းသော)
5. minimum = least (အနည်းဆုံး)
6. mistake = error (အမှား)
7. modern = new (သစ်သော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about a visitor on the street

ဒီတစ်ပတ်မှာတော့ A visitor on the street အကြောင်း "Shortest way to talk about a visitor on the street" ဆိုပြီး တင်ပြလိုက်ပါတယ်။

၁။ Conversation မှာတွေ့ရတဲ့ Present Perfect ကို ဘဝအတွေ့အကြုံတွေ ပြန်ပြောတဲ့အခါမှာ သုံးနိုင်ပါတယ်။ ဥပမာ
– Have you been to the New Beverly Cinema here?
– I have also visited Santa Monica and thought it was really nice.
– I've never been there.

၂။ a lot of friends
tons of live theatres ရေတွက်ရနာမ်တွေရဲ့ရှေ့မှာ အများအပြားဆိုတဲ့သဘော ထည့်သုံးတဲ့အခါမှာ အခုလိုမျိုးသုံးနိုင်ပါတယ်။
a lot of = အများအပြား
tons of = အများအပြား၊ အမြောက်အမြား

၃။ ဘဝမှာ မသေခင် တစ်ခါလောက်တော့ စမ်းလုပ်သွားချင်တဲ့စာရင်း ဆိုပြီးပြောချင်ရင်တော့ on my bucket list နဲ့ ပြောနိုင်ပါတယ်။ ဥပမာ
– Disneyland is also on my bucket list.

၄။ အများကြီး သာလွန်တယ်။ အများကြီး ကြီးတယ်။ အများကြီး ပိုလှတယ်ဆိုရင်တော့ D2 Adjective ရဲ့ရှေ့မှာ much ထည့်ပေးနိုင်ပါတယ်။ ဥပမာ –
– I guess it's much bigger than Portland, right?

၅။ မင်းနဲ့စကားပြောလို့ကောင်းလိုက်တာ ဆိုရင်တော့ ဒီလိုပြောနိုင်ပါတယ်။
– It was nice talking to you.
– It was a pleasure talking to you.

Conversation

A visitor on the street

Mike: Excuse me!

Gina: Yes, can I help you?

Mike: Do you know where a bus station is?

Gina: Yes, there is one a few minutes away. Just go straight down this road and when you get to the end, turn right. It's on the opposite side of the street.

Mike: Great, thank you.

Gina: No problem. I'm going in the same direction. Are you a visitor?

Mike: Yes, I'm from Portland.

Gina: So is this your first time here?

Mike: Yes, it's my first trip. I have a lot of friends here.

Gina: What do you think of Los Angeles?

Mike: Well, it's an incredible place. There are so many great restaurants, tons of live theatres, beautiful beaches and the weather is perfect. But it lacks a good public transport system, doesn't it?

Gina: It does, unfortunately. But you can also rent a bike for short distances. It cost just $ 1.75 for 30 minutes. Or you can buy a day pass for $ 5.

Mike: That's good to know. Thanks.

Gina: Have you been to the New Beverly Cinema here?

Mike: Oh yeah! It's the one on Beverly Blvd. When I went there I saw Raiders of the Lost Ark and The Last Crusade. That's a great theater, I love it there. I have also visited Santa Monica and thought it was really nice. The promenade was pretty cool.

Gina: Oh yeah, Santa Monica is fantastic. Everyone wants to live there. Los Angeles has lots of cool places to visit.

Mike: That's right. Disneyland is also on my bucket list. Hopefully I can make it there soon.

Gina: I've been to Disneyland a ton of times. You can always have such a good time there, no matter how old you are!

Mike: I couldn't agree more. This is such a big city with lots of things to do.

Gina: I guess it's much bigger than Portland, right?

Mike: Yes, it's much bigger.

Gina: I've never been there. What's the city like?

Mike: Portland is a fantastic place. It has a lot of green spaces and incredible scenery. It has a casual and laid-back vibe. I work in an office and wear jeans most of the times and so does my boss. You will very seldom see someone in a suit on our city streets.

Gina: It sounds like an interesting city. I hope to get a chance to visit it someday. Well, it was a pleasure talking to you. I need to go to the bakery now. Have a wonderful stay in LA.

Mike: Thanks again for your help. You were very kind.

Gina: Don't mention it.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၅ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၁၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၇၀၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၃၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၅၀,၉၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၈,၅၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၂,၅၃၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၆၅၀,၅၆၈) ဦး နှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၆,၆၆၁,၈၁၆) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၅-၁၀-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၆၅၀,၅၆၈ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၆၁,၈၁၆ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါအခံတစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**



| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှု မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင် ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည် ရောဂါအခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက်ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ **moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၈၅ | ၂၇၇၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၅ | ၂၈၆၅ | ၂၈၆၀ | ၂၇၆၀ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၇ |
| 95 Ron | ၁၉၅၂ | ၂၀၂၅ |
| HSD (500 ppm) | ၂၆၀၃ | ၂၆၈၅ |
| HSD (50 ppm) | ၂၆၇၄ | ၂၇၅၇ |
| HSD (10 ppm) | ၂၆၇၄ | ၂၇၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်မှုများအောင်မြင်စွာပြီးစီး

**နေပြည်တော် အောက်တိုဘာ ၁၆**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟို အဆင့်) ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကား သိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်" သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များက "ပြန်လည် ထူထောင်ရေး" သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မဟာဗန္ဓုလ" သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယ တန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင် ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသ ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကောင်းစားတော့မည်" သီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များက "တပင်ရွှေထီး" သီချင်းဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လေှပွဲ" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**မြန်မာအကအခြေခံ**

**ကဗျာလွတ်အက(ပထမအဆင့်)**

**မြန်မာအကအခြေခံ ကဗျာလွတ် အက (ပထမအဆင့်) ပြိုင်ပွဲ**ကို မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟို ဌာန(၂) Plenary Hall ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မယမင်းအောင် နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မမှုး သက်သခင်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသ ကြီးမှ မလှိုင်းသဇင်နှင့်အဖွဲ့၊ ပဲခူးတိုင်း ဒေသကြီးမှ မမေသူသူကျော်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မပြည့်ပြည့်ဝင်း နှင့်အဖွဲ့၊ ကယားပြည်နယ်မှ မမိုးထက် နေခြည်နှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မအိမ့်ကြိုးကြာနှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မဝိုင်းချစ်ထွေးနှင့်အဖွဲ့၊ ဧရာဝတီတိုင်း ဒေသကြီးမှ မသီရိတင်နှင့်အဖွဲ့၊ မွန် ပြည်နယ်မှ မရတနာဝင်းထွဋ်နှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မထူးအိမ့်ကျော်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မနန်းသဇင်အေးနှင့် အဖွဲ့နှင့် ရခိုင်ပြည်နယ်မှ မချိုဇင်ဝင်း နှင့်အဖွဲ့တို့က အခြေခံကဗျာလွတ် ကကြိုးကကွက်များကို အဖွဲ့လိုက် ညီညာ လှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြ သည်။

**မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ**

**မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အကအဖွဲ့များကို မွန် တိုင်းရင်းသားရိုးရာ ကကြိုး၊ ကဟန်များ သင်ကြားပေးခဲ့သည့် မွန်ပြည်နယ် မိတင် ချိုအေး အကအဖွဲ့မှ အကဆရာမများက မွန်အက၊ မွန်ဟန် ကကွက်များကို စံပြ အကအနေဖြင့် ကပြကြသည်။

ထို့နောက် မွန်တိုင်းရင်းသားရိုးရာ အက အလွတ်တန်းပြိုင်ပွဲကို ဆက်လက် ကျင်းပရာ ကယားပြည်နယ်မှ ဒေါ်စုလတ် ထွန်းနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မခိုင်ဇင်သက်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မိအေးဆုပန်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသ ကြီးမှ ဒေါ်သိမ့်နန္ဒာထက်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မသိုက်ထော နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မသင်းမာ ထွေးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မပန်းနုံ့သာနှင့်အဖွဲ့၊ မကွေးတိုင်းဒေသ ကြီးမှ မသီရိဇော်နှင့်အဖွဲ့၊ ချင်းပြည်နယ် မှ မနန်းမူခန့်(ခ) နဲနဲလိုနှင့်အဖွဲ့၊ ရှမ်း ပြည်နယ်မှ မနန်းသူဇာလွင်နှင့်အဖွဲ့၊




မွန်တိုင်းရင်းသားရိုးရာအက အလွတ်တန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်သိမ့်နန္ဒာထက်နှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။

ရခိုင်ပြည်နယ်မှ မခင်မိုးစန်းနှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ ဒေါ်အေးအေးငြိမ်းနှင့် အဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မနန့် အိမြတ်ထက်နှင့်အဖွဲ့တို့က မွန်ပြည်နယ် ၏ သဘာဝအလှတရားများ၊ ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် "ဟင်္သာတို့ရဲ့ပျော်ရာ မြေ" သီချင်းနောက်ခံဖြင့် လှပကျော့ရှင်း သည့် မွန်တိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို မွန်အလှ၊ မွန်ဟန်တို့နှင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ "ငါးပါဒအကၡရာ" ဇာတ်တော်ကြီး ရုပ်စုံ သဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသ ကြီး ကိုယ်စားပြု မိုးပြည့်မြင့်မိုရ်ရုပ်စုံ သဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အက အလှများ၊ စကားပြောများဖြင့် တင်ဆက် ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ "ရာမ ယဏ" ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်း ဒေသကြီး ကိုယ်စားပြု မန်းရာမဇာတ် တော်ကြီးအဖွဲ့က မူရင်းရာမယဏဇာတ် တော်ကြီး၏ တီးလုံးတီးကွက်များကို မြန်မာ့ဇာတ်သဘင်၏ဆို ငို ပြောပညာရပ် များ၊ အကအလှများနှင့် အနုပညာရသ မြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ (ယဉ်ကျေးမှု ရတနာခန်းမ)၌ ကျင်းပရာ ဝါသနာရှင် အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ခေါင်းစဉ်ဖြင့် ဂီတရသ စုံလင် စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**ဂီတာပြိုင်ပွဲ**

**ဂီတာပြိုင်ပွဲ**ကို မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင် အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ တွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် က "မှိုင်းမှိုင်းမြ" (သီချင်းခံ) ဖြင့်လည်း ကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသ ကြီးမှ ပြိုင်ပွဲဝင်က "တောမြိုင်စွန်းက လွမ်းအောင်ဖန်"(ယိုးဒယား) ဖြင့်လည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲ ဝင်က "မြမြမောင်းမောင်း" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသ ကြီးမှ ပြိုင်ပွဲဝင်က "မှန်ရဝေ"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာ အဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြိုင်ကြီး ဟေမာ"(ယိုးဒယား) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုး သားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက "တောနှင့်တောင်စွယ်"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသ ကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စန္ဒကိန္နရီ"(ကာလပေါ်) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "စန္ဒကိန္နရီ" (ကာလပေါ်) ဖြင့်လည်းကောင်း၊ အခြေခံ ပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပွင့်ဦး" (ကာလပေါ်) ဖြင့်လည်းကောင်း၊ အခြေခံ ပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကျွန်း ကျွန်းပိုင်သ" (ကြိုး) ဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**နှဲပြိုင်ပွဲ**

**နှဲပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပ ရာ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကျွန်းကျွန်းပိုင်သ"(ကြိုး) ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသ ကြီးမှ ပြိုင်ပွဲဝင်က "ဂန္ဓမာရိပ်သာ" (ပတ် ပျိုး) ဖြင့်လည်းကောင်း၊ ဝါသနာရှင် အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ တွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်က

*စာမျက်နှာ ၁၇ သို့*




မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမအဆင့်) ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မဝိုင်းချစ်ထွေးနှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။



အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင် အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ လှေပွဲ သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# ရုပ်သေးသမားနှင့် ဇာတ်သမားပြန်လျှင် အဟုတ်ရှေးစကားနှင့် မှတ်သားစရာများ ကျန်ရမည်

## ဦးရဲဒွေး(အမြင့်သဘင်)



ဦးရဲဒွေး(အမြင့်သဘင်)

မြန်မာနိုင်ငံ၌ ပျူခေတ်ကပင် အနုသုခုမ သဘင်ဂီတ အနုပညာရပ်များ ထွန်းကားခဲ့လေသည်။ ခရစ်နှစ် ၈၀၂ တွင် ပျူသရေခေတ္တရာမှ ပျူယဉ်ကျေးမှုအဖွဲ့ကို တရုတ်ပြည်သို့ စေလွှတ်လိုက်ရာတွင် တရုတ်ကေရာဇ်တဲကျန်း ရှေးမြန်မာများဖြစ်ကြသော ပျူတို့၏ ဂီတအလှများတွင် ရက်ပေါင်းများစွာ နစ်မွန်းနေသဖြင့် တရုတ်ကဗျာ စာရေးဆရာကြီး တစ်ဦးက တရုတ်ပြည်သူတို့၏ အကျိုးကို မမေ့လျော့ရန် ကဗျာတစ်ပုဒ်ဖြင့် သတိပေးမှုပြုခဲ့ရသည်။

ပုဂံခေတ်တွင် အိန္ဒိယ၊ သီရိလင်္ကာ (သီဟိုဠ်)၊ ပျူ မွန်၊ ဗမာ လူမျိုးတို့၏ အဆို၊ အတီး၊ အက အနုပညာရှင်များနှင့် အနုပညာရပ်များ ပေါင်းစုံတိုးတက်မြင့်မားခဲ့သည်။ ပုဂံခေတ်ခန့်မှ စတင်၍ မြန်မာတိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာနှင့် အတတ်ပညာရပ်များလည်း ဆက်နွှယ်ပေါင်းစည်းခဲ့လေသည်။

အင်းဝခေတ်သည် ပုဂံခေတ်၌ စတင်ဖြစ်ထွန်းခဲ့သော မြန်မာစာပေ၏ "ပထမရွှေခေတ်" ဖြစ်ပေသည်။ ယနေ့ မဟာဂီတပင် ကြိုးသီချင်းကြီးများ ပတ်ဆိုင်း (ဆိုင်းဝိုင်းကြီး) နှင့် ရုပ်သေးရုပ်ကြီး သဘင်များ ပေါ်ထွန်းခဲ့သည်။ ရှင်မဟာရဋ္ဌသာရဖွဲ့သီတော်မူသော "သံဝါရပျို့" တွင် "ရုပ်ကြီးရုပ်ငယ် မီးဝယ်ကြည့်ပွဲ" ဟု ဖော်ပြပါရှိလေရာ ရုပ်သေးသာမက ရုပ်ကြီးလည်း ထွန်းကားခဲ့သည်။ ညောင်ရမ်းခေတ်၌ ဦးကုလားရေးသားသော "မဟာရာဇဝင်ကြီး"တွင် နိုင်ငံခြားသံတမန်များအား ညှော်ခံဖျော်ဖြေပွဲတွင် "အရုပ်ကြီးအရုပ်ငယ် သဘင်စုံခံရသည်" ဟူသော သမိုင်းမှတ်တမ်းက အင်းဝခေတ်တွင် ရုပ်ကြီးဖြစ်တည်ပြီးဖြစ်ကြောင်း ဖော်ညွှန်းနေခြင်းဖြစ်သည်။

အင်းဝခေတ်တွင်ပင် ဇာတ်(ပြဇာတ်) ပညာ(Drama) လည်း ရုပ်စုံသဘင်ဖြင့် ပေါ်ထွန်းခဲ့သည်ဟု မှန်းဆဖွယ်ဖြစ်သည်။ ပုဏ္ဏားရုပ်ကြီးက ပရိသတ်နှင့် စကားပြောပုံဟန် "တံတားဦးတည် မင်္ဂလာစေတီမော်ကွန်း" လင်္ကာတွင် ဖော်ပြပါရှိရာ ထိုခေတ်၌ ဇာတ်လမ်း ဇာတ်ကွက်ဇာတ်ရုပ် ဇာတ်ကောင်များဖြင့် ဇာတ်၊ပြဇာတ်ပညာ ဖြစ်ထွန်းခဲ့သည်ဟု မှန်းဆဖွယ်ဖြစ်ပြန်သည်။

### ဇာတ်များကပြ

ညောင်ရမ်းမင်းက ညောင်ရမ်းခေတ်ကို တည်ထောင်ပြီး နောက်ငါးနှစ်မျှအကြာတွင် ဘုရင့်သမီးတော်ပန်ထွာမင်းသမီး၏ ဆံထုံးထုံး နားထွင်းမင်္ဂလာပွဲသဘင်တွင် ဝိဓုရဇာတ်၊ မနော်ဇာတ်၊ ကိန္နရာဇာတ်၊ ကုမ္မာဘယဇာတ်၊ အန္တရဒေဝိဇာတ်များ ကပြခဲ့သည်ဟူသော သမိုင်းမှတ်တမ်းအရ လည်းကောင်း၊ ညောင်ရမ်းခေတ်တည်ထောင်ပြီးနောက် ဇာတ်ငါးဇာတ်ကပြခဲ့သော သမိုင်းအထောက်အထားအရ လည်းကောင်း၊ မည်သည့် အနုပညာရပ်မဆို ပြောင်းလဲတိုးတက်ရန်မှာ ကာလရှည်ကြာမည်ဖြစ်၍လည်းကောင်း၊ ပြဇာတ်(ဇာတ်) ပညာသည် ညောင်ရမ်းခေတ်ထက် အဆောအလျင်ကျသော တောင်ငူ (ဟံသာဝတီ) ခေတ် သို့မဟုတ် အင်းဝခေတ်တွင် ဖြစ်ထွန်းခဲ့သည်ဟုလည်း မှန်းဆဖွယ် ဖြစ်ပေသည်။

ကုန်းဘောင်ခေတ်တွင်ကား ယဉ်ကျေးမှုအနုပညာ ပန်းဥယျာဉ်ကြီးအတွင်းဝယ် စာပေ၊ အဆိုသဘင်၊ အတီးသဘင်၊ အကသဘင်၊ အမြင့်(ရုပ်စုံ)သဘင်များ၊ အနိမ့်(ဇာတ်)သဘင်၊ အငြိမ့်သဘင်၊ ယိုးဒယားသီချင်း၊ ယိုးဒယားဇာတ်တော်ကြီးများ ဟူသော အဖူးအပွင့်၊ အခက်အလက်တို့သည် ဝေဆာမြိုင်ဆိုင်စွာ လန်းပွင့်ဆန်းတင့်ခဲ့ကြလေသည်။ ထိုခေတ်တွင်ပင် မြန်မာ့ဇာတ်သဘင်သည် ထိုင်းနိုင်ငံမှ အိန္ဒိယနွယ်သော ရာမာယဏဇာတ်တော်ကြီးနှင့် ဂျာဗား(အင်ဒိုနီးရှား) နွယ်သော အီနောင်(ပန်ဂျီး)ဇာတ်တော်ကြီးများကို ခံ့ညားထည်ဝါစွာ ကပြလာခဲ့သည်။ ဇာတ်ခုံပညာလည်း တီထွင်ပေါ်ပေါက်ခဲ့သည်။ ဦးကြင်ဥနှင့် ဦးပုညတို့က ပြဇာတ်များကို ရေးသားတင်ဆက်ခဲ့သည်။




ပဲခူးတိုင်းဒေသကြီးမှ မိုးပြည့်မြင့်မိုရ် ရုပ်စုံအဖွဲ့ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

မင်းတုန်းမင်းလက်ထက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော "ရွှေရိုး" ကလောင်အမည်ခံ အင်္ဂလိပ်လူမျိုး ဂျော့စကော့(George Scott)က ရဟန်းပညာရှိ၊ လူပညာရှိများထံ ချဉ်းကပ်သုတေသန ပြု၍ရေးသားသော " မြန်မာ၊ သူ့ဘဝ သူ့အတွေး" (The Burman: His Life and Notions)စာအုပ်တွင် "ဇာတ်" မှာ ဘုရားဟော ဗုဒ္ဓဝင်၊ နိပါတ်ဝင်၊ မဟာဝင်များအပေါ် အခြေခံထားသော ဇာတ်ထုပ် ဇာတ်လမ်းများကို ဆိုလို၍ "ပြဇာတ်"မှာ ထိုဇာတ်များအပြင် ထိုးဇာတ် လုပ်ဇာတ်များ အဓိကထားကာ တင်ဆက်ကပြမှုကို ဆိုလိုခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားပေသည်။ သို့သော် ဇာတ်နှင့် ပြဇာတ်တို့၏ တင်ဆက်ကပြမှု (Presentation and Performance)မှာ ကွာခြားမှုမရှိပေဟုလည်း ရေးသားဖော်ပြထားသည်။

"ကုန်းဘောင်ခေတ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သဘင်ဆိုင်ရာဝန်ကြီးနှင့် ဝန်ကြီးဌာနကို ခန့်အပ်တည်ထောင်သည့် နိုင်ငံဖြစ်လာသည်" ဟု "အရှေ့တိုင်း ဇာတ်သဘင် (Theatre in the East)" စာအုပ်ရေးသားသော အမေရိကန်လူမျိုး ဖိုဗီယံဘောင်းဝါး (Faubion Bowers)က ဖော်ပြထားလေသည်။ ခရစ်နှစ် ၁၇၇၆ ခုနှစ် စဉ့်ကူးမင်းလက်ထက်တွင် ပထမသဘင်ဝန်မှာ ဦးပိုးဖြူဖြစ်၍ ဒုတိယ သဘင်ဝန်မှာ ဦးတုတ်တို့ဖြစ်ကြသည်။ သဘင်ဝန်များက အနိမ့်သဘင်ခေါ် ဇာတ်သဘင်အတွက် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းခဲ့လေသည်။ ထို့အတူ ဘကြီးတော် မင်းလက်ထက်တွင် သဘင်ဝန်အဖြစ် ခန့်အပ်ခြင်းခံရသူမှာ ဦးသော်ဖြစ်၍ ရုပ်စုံသဘင်အတွက် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ခဲ့သည်။

### ပညာဗဟုသုတများပေးဝေ

မြန်မာ့ဇာတ်သဘင်နှင့် ရုပ်စုံရုပ်သေးသဘင်များသည် ပြည်သူအပေါင်းအား ဖျော်ဖြေမှုအပြင် လောကီလောကုတ္တရာနှစ်ဖြာသော ပညာဗဟုသုတများ ပေးဝေခဲ့သော သဘင်များဖြစ်၍ စာနယ်ဇင်းများ၊ ရေဒီယိုများနှင့် ရုပ်မြင်သံကြားများ သဖွယ် ရပ်တည်ခဲ့လေသည်။

ယခုအခါ ကျင်းပလျက်ရှိသော (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် အဆိုပညာ၊ အကပညာ၊ အရေးပညာ၊ အတီးပညာ ပြိုင်ပွဲများ ပါဝင်လေသည်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲ ဆောင်ရွက်လျက်ရှိကြသော မျိုးဆက်သစ် သဘင်ဂီတအနုပညာဝါသနာရှင်နှင့် ပညာရှင်တို့က ပါဝင်သီဆိုတီးမှုတ် ကပြရေးသားဆောင်ရွက်ကြရင်း သဘင်မှုအနုပညာနယ်ပယ်တွင် "ရုပ်သေးသမားလာတော့ အဟုတ်ရှေးစကား ကျန်ရမည်"နှင့် "ဇာတ်သမားလာတော့ မှတ်သားစရာကျန်ရမည်" ဟူသော ဆောင်ပုဒ်များနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့ကို ကျေးဇူးတာဝန်ကျေရာကျေကြောင်းမှ တတ်အားသမျှ အလုပ်အကျွေးပြုနိုင်ကြပါရန် လေးစားဂုဏ်ယူဝမ်းမြောက်စွာဖြင့် ရေးသားဆန္ဒပြုလိုက်ပါသည်။ ။

---

စာမျက်နှာ ၁၆ မှ

"ညို့ညို့ ဆိုင်းဆိုင်း" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကြုံကြုံ ဖန်ဖန်" (ယိုးဒယား) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ရဝေ"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဟေမဝန်ချာ" (ဘွဲ့) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်းမြှူး" (ယိုးဒယား) ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှန်းရွှန်းမြ"(သီချင်းခံ)ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ယမုန်နာ"(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် ( အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ" (ကြိုး)ဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

### ကွက်စိပ်ပြိုင်ပွဲ

**ကွက်စိပ်ပြိုင်ပွဲကို** အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟော်သဓာဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကေဒါရကျေးမင်း ဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့် လည်းကောင်း ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဦးတည်ချက် ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသ ဟောပြောယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲများ ကျင်းပရာ နေရာအသီးသီးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီး များနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ငါးနှစ်ကျော်ကာလ ကြာမြင့်ပြီးမှ ခမ်းနားသိုက်မြိုက်စွာ နိုင်ငံတော်အဆင့် ပြန်လည်ကျင်းပခဲ့သည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုသည် ယနေ့တွင် အောင်မြင်စွာ ပြီးဆုံးပြီဖြစ်ကြောင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲတို့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဂီတာပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ တီးခတ်ယှဉ်ပြိုင်စဉ်။

# မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးတဲ့စိတ်တစ်ခုနဲ့ အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ပြီး အရောက်လာခဲ့တာပါ

ဒေါ်ခက်နွယ်အေး

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်၌ အောက်တိုဘာ ၁၁ ရက်မှ စတင်ကျင်းပလျက်ရှိရာ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကဏ္ဍအလိုက် ပြိုင်ပွဲဝင်များနှင့် ပြိုင်ပွဲဝင်အုပ်ချုပ်သူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။


ဒေါ်သန္တာလင်း


ဦးသိန်းဟန်(ခ) ဦးရန်ကျော်


မရတနာဝင်းထွဋ်


ဒေါ်စိုးစိုးမင်း


မမြဖြူသဲ

**ဒေါ်သန္တာလင်း (အကဲဖြတ်အဖွဲ့ဝင်၊ တိုင်းရင်းသားရိုးရာအက/ကဗျာလွတ်/ မွန်ရိုးရာအက)**

ကဗျာလွတ်အဖွဲ့မှာ ယှဉ်ပြိုင်တဲ့အဖွဲ့ ၁၃ ဖွဲ့ခန့်ရှိပါတယ်။ အများစုကတော့ စံသတ်မှတ်ထားတဲ့ ကကွက်တွေကို ပိုင်နိုင်စွာကပြခဲ့ကြတာကို မြင်တွေ့ရပါတယ်။ ဒါပေမယ့် အဲဒီအထဲမှာ အယူအဆ အမှားလေးတွေတော့ အနည်းငယ်ရှိပါတယ်။ ဒိုင်အားလုံးက အမှတ်ပေးတဲ့နေရာမှာ စံသတ်မှတ်ပြဋ္ဌာန်းထားတဲ့ ကကွက်နဲ့ အမှတ်ပေးကြတာမို့ နောင်နှစ်တွေမှာ သတိပြုစေလိုတာပါ။ ကဗျာလွတ်မှာ ခွင်ထိုင်တာ၊ ခါးချိုးတဲ့အခါ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာအမူအရာ စတာတွေကို သတိပြုကြရမှာ ဖြစ်ပါတယ်။ အခုလို (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပပေးတာကို ဝမ်းသာပါတယ်။ ဒါမှသာ ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး မျိုးဆက်သစ်တွေကို အဆက်မပြတ် လက်ဆင့်ကမ်းပြီးသား ဖြစ်မှာပါ။

**ဦးသိန်းဟန်(ခ) ဦးရန်ကျော် ဝါသနာရှင်(ပထမတန်း) ကွက်စိပ်ပြိုင်ပွဲ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်**

ဒီကွက်စိပ်ပြိုင်ပွဲမှာတော့ ဘုရားအလောင်းတော် မဟောသဓာ ပဏ္ဍိတ ပညာရှိရဲ့ (၇)နှစ်သားအရွယ်နဲ့ အမှုကိစ္စဖြေရှင်းပုံကို ဟောပြောယှဉ်ပြိုင်ခဲ့ပါတယ်။ ကျွန်တော်က ၂၀၁၆ ခုနှစ်က ကျင်းပတဲ့ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှာ ကွက်စိပ်ပညာနဲ့ နှစ်သိမ့်ဆုရဖူးပါတယ်။ အခု မဟောသဓာ ဇာတ်တော်ကြီးကို ဗဟိုကချပေးလိုက်တဲ့ အချိန်မှာ ကွက်စိပ်ဟောဖို့အတွက် စာရေးဆရာညီအစ်ကိုတွေတိုင်ပင်ပြီး ကိုယ်တိုင်ပဲ ရေးခဲ့ပါတယ်။ ကွက်စိပ်ဟောရာမှာ ရှေးတုန်းက ဒဂုံကျားတို့၊ နေပြည်တော် ဆရာစံတို့၊ ဒဂုံညွန့်တို့ ဒီလိုဆရာကြီးတွေက စားပွဲပေါ်မှာ ပစ္စည်းပေါင်းစုံနဲ့ သရုပ်ပေါင်းစုံလုပ်ပြီးတော့ ဟောပြောကြသလို ကျွန်တော်တစ်ဦးတည်းခွဲထွက်ပြီး ဒီပြိုင်ပွဲမှာ အဲဒီလိုယှဉ်ပြိုင်ခဲ့တာဖြစ်တဲ့အတွက် ဆုရခြင်း၊ မရခြင်းကို အပထား နှစ်ထောင်းအားရဖြစ်မိပါတယ်။ ပျော်လည်း ပျော်ပါတယ်။ ကွက်စိပ်ပညာကို ပြန်လည်ဖော်ထုတ်တဲ့နေရာမှာ ကွက်စိပ်အပေါ်မှာ ပါဠိပါတ်သား၊ ဇာတ်အဝင်အထွက်၊ ဇာတ်ကွက်ပြန်ထွင်ပြီးတော့ ပြောရ၊ ဆိုရတာ ဖြစ်ပါတယ်။ ဒီလို ခက်ခဲတဲ့ပညာကို နောင်လာနောက်သားတွေကိုလည်း ရစေချင်တယ်။

**မရတနာဝင်းထွဋ် (ကဗျာလွတ်အက ပြိုင်ပွဲဝင်) မွန်ပြည်နယ်ကိုယ်စားပြု**

မွန်ပြည်နယ်ချောင်းဆုံမြို့နယ်ကနေ မွန်ပြည်နယ်ကိုယ်စားပြု ကဗျာလွတ်အကပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်တာပါ။ ကဗျာလွတ်အက ပြိုင်ပွဲဝင်ဖို့အတွက် ကျောင်းစာသင်ချိန်လည်းမပျက်အောင် အချိန် နှစ်လဝန်းကျင်လောက် လေ့ကျင့်ခဲ့ပါတယ်။ ယခု (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုအကပြိုင်ပွဲကြီးကို ပထမဆုံးအကြိမ်အနေနဲ့ ဝင်ရောက်ယှဉ်ခွင့်ရခဲ့တာပါ။ ဒီပြိုင်ပွဲကြီး ပြန်လည်ဖော်ထုတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ လာမယ့်နှစ်မှာ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကပြိုင်ပွဲကြီးလည်း ကျင်းပပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**ဒေါ်စိုးစိုးမင်း (ရှမ်းပြည်နယ် ကဗျာလွတ်အကအဖွဲ့ အဖွဲ့ခေါင်းဆောင်)**

ဒီကဗျာလွတ်အက ပြိုင်ပွဲဝင်ဖို့အတွက် ကလေးတွေကို နှစ်လကျော်လောက် လေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။ အဲဒီကာလအတွင်းမှာ စာသင်ချိန်လည်း မပျက်ရအောင် ကျောင်းအုပ်ချုပ်သူတွေက စီစဉ်ပေးပါတယ်။ အဖွဲ့က ကလေးတွေရဲ့ ကဗျာလွတ်အကမှာ အားရကျေနပ်မှု ရှိပါတယ်။ အခုလို ပြိုင်ပွဲကြီးကျင်းပပေးတဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ ကလေးတွေအချင်းချင်း တွေ့ခွင့်၊ လေ့လာခွင့်ရလာတယ်။ မိတ်ဆွေ သူငယ်ချင်းတွေ ပေါများလာတယ်။ ဒီပြိုင်ပွဲကြီးရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာတွေကို ကြည့်ရှုပြီး မျိုးဆက်သစ် ကလေးတွေအတွက် ရိုးရာယဉ်ကျေးမှုတွေ မြတ်နိုးတတ်လာမယ်၊ တန်ဖိုးထားတတ်လာမယ်၊ အဲဒီကတစ်ဆင့် ထိန်းသိမ်းလိုစိတ်တွေ ပေါက်ဖွားလာမယ်လို့ ယုံကြည်ပါတယ်။


မလှိုင်းသဇင်


ဒေါ်ခက်နွယ်အေး


မကြည်ပြာဦး

**မမြဖြူသဲ (ရခိုင်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်၊ မွန်ရိုးရာအကပြိုင်ပွဲ)**

မွန်အကနဲ့ ယှဉ်ပြိုင်ရတာဆိုတော့ အချိန်ယူ အကတိုက်ခဲ့ရပါတယ်။ အကျိုးကျေးဇူးအနေနဲ့က တိုင်းရင်းသားရိုးရာ အကတွေကို အခြားတိုင်းရင်းသားတွေက ကပြတဲ့အတွက် ယဉ်ကျေးမှုချင်း ဖလှယ်ရာရောက်သလို ပိုပြီးနီးစပ်လာတယ်လို့ ခံစားရတယ်။ ပြီးခဲ့တဲ့ကာလက ရခိုင်အကနဲ့ ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ရထားတာဆိုတော့ အစဉ်အလာကို ဆက်ထိန်းပြီး ဆုရအောင်တော့ ကြိုးစားထားပါတယ်။ နောက်နှစ်မှာလည်း ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အခြားတိုင်းရင်းသား အကတွေကိုလည်း ကြိုတင်လေ့လာပြင်ဆင်ထားမှာပါ။

**မလှိုင်းသဇင် (တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု၊ ကဗျာလွတ်အကပြိုင်ပွဲ)**

ကဗျာလွတ်အကကို သဘောကျတယ်။ အရင်ကတော့ ကိုယ့်တိုင်းရင်းသားရိုးရာအကကိုပဲ ကပြခဲ့ဖူးတာ။ ကဗျာလွတ်ကတော့ အားလုံး စုပေါင်းလေ့ကျင့်ကြရတာ။ နည်းနည်းတော့ ပင်ပန်းတယ်။ ယှဉ်ပြိုင်ခဲ့ရတာတော့ တော်တော်လေး အားရကျေနပ်ပါတယ်။ ဒီနှစ်မှစပြိုင်တဲ့ ပြိုင်ပွဲဝင်အသစ်တွေများတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက်ရော၊ လာရောက် ယှဉ်ပြိုင်ခွင့်ရတဲ့အတွက်ရော သိပ်ကို ကျေးဇူးတင်ပါတယ်။ အနုပညာနဲ့ ပတ်သက်ပြီး အတွေ့အကြုံပိုရလာသလို ပြိုင်ပွဲမဝင်ခင် အကတိုက်တဲ့ အချိန်တွေရော၊ ပြိုင်ပွဲလာရောက်ယှဉ်ပြိုင်တဲ့အခါ နေပြည်တော်မှာ ဒေသတွေအများကြီးက မိတ်ဆွေ၊ သူငယ်ချင်းတွေ အတူတူဆုံတွေ့ ခင်မင်ခွင့်ရကြတဲ့အတွက်ရော ကျေးဇူးတင်မိပါတယ်။

**ဒေါ်ခက်နွယ်အေး (အကအဖွဲ့ အုပ်ချုပ်သူ၊ ကရင်ပြည်နယ်)**

အခုနောက်ပိုင်း ကလေးတွေက မြန်မာ့ရိုးရာနဲ့ တိုင်းရင်းသားရိုးရာအကတွေနဲ့ အလှမ်းဝေးလာကြတယ်။ အနောက်တိုင်းနဲ့ အခြားနိုင်ငံတွေက အကတွေကို ပိုပြီးစိတ်ဝင်စားလာကြတယ်။ မြန်မာနိုင်ငံသား အမျိုးသမီးတွေအားလုံး မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုအကကို တန်ဖိုးထားပြီး သင်ယူစေချင်ပါတယ်။ ရိုးရာအကတွေကို လေ့လာစေချင်ပါတယ်။ (၂၃) ကြိမ်မြောက် ပြိုင်ပွဲကြီးမှာ လာရောက်ယှဉ်ပြိုင်ခွင့်ရတဲ့ အတွေ့အကြုံတွေကို အခြေခံပြီး ပြည်နယ်အတွင်းက ကလေးတွေကို ရိုးရာယဉ်ကျေးမှု အနုပညာအကြောင်း ပိုပြီးဖြန့်ဝေနိုင်မယ်လို့ ယုံကြည်ပါတယ်။ နေပြည်တော်အထိ လာရောက် ယှဉ်ပြိုင်ခွင့်ရတဲ့အပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်။ အဓိကက မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးတဲ့စိတ်တစ်ခုနဲ့ အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ပြီး အရောက်လာခဲ့ကြသူတွေဖြစ်တာမို့ ဆုတွေကိုလည်း မျှော်လင့်မိပါတယ်။ နောင်နှစ်တွေမှာလည်း ဖြစ်အောင်လာခဲ့ပြီး ပြိုင်ပွဲတိုင်းယှဉ်ပြိုင်နိုင်အောင် ကြိုးစားသွားပါမယ်။

**မကြည်ပြာဦး (ရခိုင်ပြည်နယ် ကိုယ်စားပြု၊ ဝါသနာရှင် အတီး(ဂီတာ))**

အရင်နှစ်တွေကလည်း ယှဉ်ပြိုင်ခဲ့သူ ဖြစ်ပါတယ်။ အနုပညာမျိုးရိုးလည်းရှိပြီး လက်ရှိမှာလည်း အနုပညာလုပ်ငန်းတွေကို လုပ်ကိုင်နေသူ ဖြစ်ပါတယ်။ အဘိုးက ဒုံမင်းဦးတင်ဝင်းဖြစ်ပြီး ပြီးခဲ့တဲ့နှစ်တွေက ဒုံမင်း (ဝါသနာရှင်၊ ဒုတိယတန်း) မှာ ရွှေတံဆိပ်ရရှိခဲ့ဖူးသလို ၂၀၁၁-၂၀၁၂ တို့မှာလည်း ဗဟိုအဆင့် ဒုတိယ၊ တတိယ ဆုတွေ ရရှိခဲ့ဖူးပါတယ်။ အခုလို ဝေးကွာသွားတာကြာတော့ ပြန်လည်ကျင်းပစေချင်နေတာပါ။ ယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ်လို့ရသလို အနုပညာ အသိုင်းအဝိုင်းတွေလည်း သိုက်သိုက်ဝန်းဝန်း ပြန်လည်ဆုံတွေ့ခွင့်ရခဲ့လို့ ဝမ်းသာမိပါတယ်။

မြန်မာဂီတာက အနောက်တိုင်းဂီတာနဲ့ အနည်းငယ်ကွာပါတယ်။ ၂၀၁၀ လောက်က မြန်မာဂီတာကို စတင်လေ့လာခဲ့ပြီး ဆရာသမားတွေရဲ့ စိတ်ရှည်လက်ရှည်သင်ကြားပေးမှုကြောင့် အချိန်တိုတိုနဲ့ တတ်ကျွမ်းလာခဲ့ပါတယ်။ အခြားတူရိယာတွေထက် ဂီတာကို ပိုပြီးသဘောကျခဲ့ပါတယ်။

**မမြင့်မြတ်သဇင်အောင် (အခြေခံပညာအဆင့် ကဗျာလွတ် အကပြိုင်ပွဲဝင်၊ မကွေးတိုင်းဒေသကြီး)**

ဒီပြိုင်ပွဲကြီးမှာ ယှဉ်ပြိုင်ဖို့အတွက် ဇူလိုင်လကတည်းကစပြီး ဆရာမ ဒေါ်ချောစုလှိုင်က အခြေခံကဗျာလွတ်အကကို ကျောင်းမှာပဲသင်ပေးခဲ့ပါတယ်။ ကဗျာလွတ်အကမှာ အခြေခံအဆင့်အကွက် (၄၀)ကို လေ့ကျင့်သင်ကြားခဲ့ရပါတယ်။ အခြေခံကဗျာလွတ်အကကို ခရိုင်အဆင့်မှာကတည်းက ကြိုးကြိုးစားစားနဲ့ယှဉ်ပြိုင်ခဲ့ရသလို ဗဟိုအဆင့်မှာလည်း ရွှေတံဆိပ်ဆုရရှိအောင် ထပ်ပြီးတော့ ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ အခုလို ပြိုင်ပွဲမှာဝင်ပြိုင်ခဲ့ရတဲ့အခါ ပင်ပန်းတာတော့ ရှိပေမယ့် ပျော်စရာလည်းကောင်းပါတယ်။ ပြိုင်ပွဲတွေ အဆင့်ဆင့်ယှဉ်ပြိုင်ရင်းနဲ့လည်း သူငယ်ချင်းတွေ အများကြီးရခဲ့ပါတယ်။ လူငယ်မျိုးဆက်သစ်အနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို လက်ဆင့်ကမ်း ထိန်းသိမ်းရာမှာ ဒီပြိုင်ပွဲကြီးမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

**ဟိန်းဇင်ရတနာမင်း**

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများလျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၆**

မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူများအား ဥပဒေနှင့်အညီ စက်တင်ဘာလကုန်အထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစိစစ် ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့ နံနက် ၉ နာရီတွင် မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး စက်တင်ဘာလအထိတင်ပြရာ -

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ စိစစ်ချက်အရ

(က) သေဆုံး၊ ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှလျော့သည့် လူဦးရေ (၇၈၁၅) ဦး

(ခ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုးလူဦးရေ (၂၁၈၆) ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ .

(က) မြေပြင်ထပ်တိုး ပုံစံ (၆၆/၆) ရှိသူ (၁၀၈၄၀) ဦး

(ခ) မြေပြင်တွင် လျော့သည့်ဦးရေ ပုံစံ (၆၆/၆) ရှိသူ (၅၅၆၁) ဦး

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက်လျာထားမှု (၇၉၇) ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ဆက်လက်ပြီး လပွတ္တာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး စက်တင်ဘာလအထိ တင်ပြရာ -

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ စိစစ်ချက်အရ

- သေဆုံး၊ ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှလျော့သည့် လူဦးရေ (၁၅၄၉) ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ

(က) မြေပြင်ထပ်တိုး ပုံစံ (၆၆/၆) ရှိသူ (၈၃၄) ဦး

(ခ) မြေပြင်တွင် လျော့သည့်ဦးရေ ပုံစံ (၆၆/၆) ရှိသူ (၁၀၂၇) ဦး

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက်လျာထားမှု (၅၈၆) ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသော တာဝန်ရှိသူများက အကြံပြုဆွေးနွေး တင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် ဦးအောင်လွင်ဦးတို့က ဖြည့်စွက်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**မြောက်ဦး အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေရုံးတို့ပူးပေါင်းပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ကျင်းပခဲ့သည်။

ရှေးဦးစွာ မြောက်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ရွှေက ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ ပြည်သူများ သိရှိနိုင်စေရန်အတွက် ဥပဒေနှင့် ပြစ်မှု/ပြစ်ဒဏ်များကို မေးမြန်းခဲ့ရာ မြို့နယ်ဥပဒေအရာရှိ ဦးဇော်လင်းသာက ကလေးအလုပ်သမား ဖြစ်လာရခြင်းနှင့် မြန်မာနိုင်ငံတွင် ကလေးများအတွက် ကာကွယ်ပေးထားသည့် ဥပဒေများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများ၊ အလုပ်ရုံများ၌ ကလေးအလုပ်သမားများ၏ အလုပ်ချိန်သတ်မှတ်ထားမှုများ၊ ကလေးအလုပ်သမားများကို ဥပဒေမဲ့အလုပ်ခိုင်းစေခြင်းဖြင့် ချမှတ်နိုင်သည့် ဥပဒေများအကြောင်းကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

စိုးငြိမ်းနိုင်
(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၁၀ - ၂၀၂၂

| ရွှေ | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၁၉၆၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၉၆၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၆၆၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၆၆၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၅ ကျပ် | ၂၇၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၄၀ ကျပ် | ၂၇၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၀ ကျပ် | ၂၀၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၃ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၇၄ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၉၀၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၂ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၆ . ၆၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၁ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၀၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၅၀၅ | ၁၄၁၄၇၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၂၀၅၄ | ၄၂၂၄၁၉၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၈ | ၁၄၂၂၀၀ |
| FPB | ၂၁၀၀၀ | ၂၁၅၀၀ | ၂၅၈ | ၅၅၄၆၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၇၈ | ၄၈၉၅၀၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၂၀ | ၅၅၀၀၀ |
| AHP | ၅၁၀၀ | ၅၀၀၀ | ၆၀၉ | ၃၀၆၇၃၀၀ |

ညီညီ - စုစည်းသည်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ဖြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အီနောင်ဇာတ်တော်ကြီး မပျောက်ကွယ်စေချင်

**မောင်ယဉ်ညွန့်**

မြန်မာနိုင်ငံတွင် ကုန်းဘောင်ခေတ်က ခေတ်စားစွာ ကပြခဲ့ကြသော ဇာတ်တော်ကြီး နှစ်ခုရှိခဲ့သည်။ ရာမဇာတ်တော်ကြီးနှင့် အီနောင်ဇာတ်တော်ကြီးတို့ဖြစ်ကြသည်။ ရာမဇာတ်တော်ကြီးမှာ ကုန်းဘောင်ခေတ်နန်းတွင်း၌ စတင်ကပြဖျော်ဖြေခဲ့ကြပြီး ကုန်းဘောင်ခေတ်ကုန်ဆုံးပြီးနောက် ကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီးခေတ်တို့တွင်ပါ ပုဂ္ဂလိကဇာတ်အဖွဲ့များနှင့် ယဉ်ကျေးမှုကဇာတ်တို့က အခါအားလျော်စွာ ကပြဖျော်ဖြေခဲ့ကြသည်။ ရာမဇာတ်တော်ကြီးတစ်ခုလုံးဖြစ်စေ၊ ရာမလေးတင်ခန်း၊ ဒသဂီရိနှင့် တိုက်ခိုက်ခန်း၊ ရာမသမင်လိုက်ခန်း၊ သီတာပန်းဆွတ်ခန်းစသည်ဖြင့် ကောင်းနိုးရာရာ အခန်းများကိုဖြစ်စေ ရွေးချယ်ကပြဖျော်ဖြေခဲ့ကြသည်။ သို့ဖြစ်၍ ရာမဇာတ်သည် လူထုနှင့် ထိတွေ့မှုများခဲ့သဖြင့် ရာမဇာတ်ကို လူသိများခဲ့သည်။


ခမည်းတော် ဘုရင်ကြီးက အီနောင်အား စစ်ထွက်ရန်စေလွှတ်ခန်း။

အီနောင်နန်းတွင်းဇာတ်မှာမူ ကုန်းဘောင်ခေတ်က မြဝတီမင်းကြီး ဦးစ၏ စီစဉ်ညွှန်ကြားမှုဖြင့် နန်းတွင်း၌ ကပြဖျော်ဖြေခဲ့ကြသော်လည်း ကုန်းဘောင်ခေတ်ကုန်ဆုံးပြီးနောက် ကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီးခေတ်တို့တွင် အီနောင်ဇာတ်တော်ကို ကပြဖျော်ဖြေမှု နည်းပါးလာသဖြင့် လူသိနည်းလာခဲ့သည်။

**အင်ဒိုနီးရှားနိုင်ငံမှ စတင်ခဲ့သော ပန်ဂျီဇာတ်တော်**

ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုတို့တွင် အီနောင်ဇာတ်တော်ဟု ခေါ်တွင် နေကြသော ဇာတ်တော်ကို အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့၌ ပန်ဂျီ (Panji Drama) ဇာတ်တော်ဟု ခေါ်တွင်ကြပြီး အီနောင်ဇာတ်တော်သည် အင်ဒိုနီးရှားနိုင်ငံမှ စတင်ခဲ့သော ပန်ဂျီဇာတ်တော်ကို မှီငြမ်းပြု ရေးသား၊ ကပြခဲ့ကြသော ဇာတ်တော်ဖြစ်သည်။ ပန်ဂျီဇာတ်တော်သည် အင်ဒိုနီးရှားနိုင်ငံ၌ နန်းတွင်းဇာတ်အဖြစ် စတင်ကပြရာမှ နောင်အခါ လူထုအကြားတွင် ဇာတ်သဘင်အဖြစ် ရှေးခေတ်မှစ၍ ယနေ့တိုင် လူကြိုက်များ၍ ကပြဖျော်ဖြေနေရသော ရှင်သန်နေသည့် ယဉ်ကျေးမှုအမွေအနှစ် ဇာတ်တော်ဖြစ်သည်။

ပန်ဂျီဇာတ်တော်ကို အေဒီ ၁၂ ရာစုက ဂျာဗားကျွန်းမှ မင်းသားတစ်ပါး၏ ဇာတ်လမ်းကို အခြေခံရေးသားခဲ့သည်ဟု သိရသည်။ အေဒီ ၁၅ ရာစုတွင် အင်ဒိုနီးရှားကို အုပ်စိုးသော ဘုရင်တို့က ပန်ဂျီဇာတ်တော်ကို နှစ်သက်သဖြင့် စာပေဖြင့် မှတ်တမ်းတင်စေခြင်း၊ နန်းတွင်းဇာတ်တော်အဖြစ် ကပြဖျော်ဖြေစေခြင်းပြုခဲ့ကြကြောင်း သိရသည်။

ရှေးက ယိုးဒယား (ထိုင်း) နိုင်ငံကို အုပ်စိုးခဲ့သော ရာမာမင်းဆက်မှ ဒုတိယမြောက် ရာမာဘုရင် (Rama II)(၁၈၀၉-၁၈၂၄) လက်ထက်တွင် ဂျာဗားကျွန်းမှ ပန်ဂျီဇာတ်တော်ကို မှီငြမ်းပြုကာ အီနောင်ဟူသော အမည်ဖြင့် ဇာတ်တော်ကို ရေးသားစေ၍ နန်းတွင်း၌ ကပြစေခဲ့သည်။ ဤသို့ဖြင့် ယိုးဒယားနန်းတွင်း၌ အီနောင်ဇာတ်တော်ပေါ်ပေါက်ခေတ်စားလာခဲ့သည်။

**မြဝတီမင်းကြီးဦးစ၏ အီနောင်ဇာတ်တော်**

ကုန်းဘောင်မင်းဆက်မှ မြန်မာဘုရင် ဆင်ဖြူရှင်မင်းတရား လက်ထက် ခရစ်နှစ် ၁၇၆၇ ခုနှစ်တွင် အယုဒ္ဓယသို့ ချီတက်တိုက်ခိုက်ခဲ့ပြီး အယုဒ္ဓယမှ သုံ့ပန်းအများအပြား ခေါ်ဆောင်လာရာတွင် ယိုးဒယားကချေသည်၊ အနုပညာသည်များ ပါလာခဲ့သည်။ ဘကြီးတော်မင်း လက်ထက်တွင် မြဝတီမင်းကြီးဦးစအား ယိုးဒယားအနုပညာသည်များ၏ အကူအညီဖြင့် နန်းတွင်းအီနောင်ဇာတ်ကို ရေးသားစေပြီး နန်းတွင်းဇာတ်တော်အဖြစ် ကပြစေခဲ့သည်။ ယိုးဒယားကချေသည်တို့၏ အကူအညီဖြင့် မြဝတီမင်းကြီးဦးစသည် အီနောင်ဇာတ်တော်ကို နန်းတွင်း၌ ကပြခဲ့ပြီး အောင်မြင်ကျော်ကြားခဲ့သည်။

**ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ဖြစ်လာ**

သို့ရာတွင် ကုန်းဘောင်ခေတ်ကုန်ဆုံးပြီးနောက် အီနောင်ဇာတ်တော်ကို ကပြမှုမရှိတော့သဖြင့် လူသိနည်းကာ ပျောက်ကွယ်နေပေတော့သည်။ အင်ဒိုနီးရှားအစိုးရအနေဖြင့်မူ အီနောင် ခေါ် ပန်ဂျီဇာတ်တော်ကြီး ရှေးဟောင်းစာမူများကို အမျိုးသားအမွေအနှစ်စာရင်းတွင် ထည့်သွင်းပြီး အမျိုးသားစာကြည့်တိုက်၌ ထိန်းသိမ်းထားသည်။ ထို့ပြင် UNESCO Memory of the World (ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်) ဖြစ်လာစေရန် UNESCO သို့ တင်ပြခဲ့ရာ ၂၀၁၇ ခုနှစ်တွင် အင်ဒိုနီးရှားမှ ပန်ဂျီဇာတ်တော် ရှေးဟောင်းစာမူမှာ ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်စာမူ ဖြစ်လာပေတော့သည်။

> ❄ **ဘကြီးတော်မင်း လက်ထက်တွင် မြဝတီမင်းကြီး ဦးစအား ယိုးဒယားအနုပညာသည်များ၏ အကူအညီဖြင့် နန်းတွင်းအီနောင်ဇာတ်ကို ရေးသားစေပြီး နန်းတွင်းဇာတ်တော်အဖြစ် ကပြစေခဲ့သည်။ ယိုးဒယား ကချေသည်တို့၏ အကူအညီဖြင့် မြဝတီမင်းကြီးဦးစသည် အီနောင်ဇာတ်တော်ကို နန်းတွင်း၌ ကပြခဲ့ပြီး အောင်မြင်ကျော်ကြားခဲ့သည်။ သို့ရာတွင် ကုန်းဘောင်ခေတ်ကုန်ဆုံးပြီးနောက် အီနောင်ဇာတ်တော်ကို ကပြမှုမရှိတော့သဖြင့် လူသိနည်းကာ ပျောက်ကွယ်နေပေတော့သည်**

မြန်မာနိုင်ငံတွင် မန္တလေးကုသိုလ်တော်ဘုရားရှိ သံဂါယနာတင် ကျောက်စာများ၊ ပုဂံမြို့ ရွှေစည်းခုံစေတီအနီးရှိ ဘုရင့်နောင်မင်းတရားကြီး၏ မှတ်တမ်းကမ္ပည်းစာများပါရှိသော ကြေးခေါင်းလောင်းတော်ကြီး၊ ပုဂံမြို့ မြစေတီဘုရားရှိ မြစေတီကျောက်စာ စသည်တို့မှာ UNESCO Memory of the World (ယူနက်စကို ကမ္ဘာ့မှတ်တမ်း အမွေအနှစ် စာရင်းဝင်) ဖြစ်ခဲ့ကြပြီးဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့်လည်း ပန်ဂျီ / အီနောင်ဇာတ်တော် ရေရှည်တည်တံ့ ထွန်းကားစေရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ ဘန်ကောက်မြို့ရှိ ရှေးဟောင်းသုတေသနနှင့် အနုပညာဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သော SEAMEO-SPAFA အဖွဲ့က ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများ၌ ပန်ဂျီ/ အီနောင်ဇာတ်တော်တည်တံ့၊ တိုးတက်ထွန်းကားစေရန် ရည်ရွယ်လျက် အာဆီယံနိုင်ငံများမှ ပန်ဂျီ/ အီနောင်ဇာတ်အဖွဲ့များကို ဖိတ်ကြား ကပြစေခြင်း၊ ပန်ဂျီ / အီနောင်နှင့် ပတ်သက်သော သုတေသနစာတမ်းများ ဖတ်ကြားစေခြင်းပြုခဲ့ကြသည်။

**မြန်မာနိုင်ငံမှ အီနောင်ဇာတ်အဖွဲ့**

မြန်မာနိုင်ငံအနုပညာဦးစီးဌာနကိုလည်း ဖိတ်ကြားခဲ့ရာ ကဇာတ်ဌာနခွဲတွင် ရာမဇာတ်တော်ကို အချိန်မရွေးကပြနိုင်ရန် ဖွဲ့စည်းလေ့ကျင့်ထားမှုရှိသော်လည်း အီနောင်ဇာတ်တော်ကို ကပြရန် ဖွဲ့စည်းလေ့ကျင့်ထားမှုမရှိသဖြင့် အီနောင်ဇာတ်တော်ကို ကျွမ်းကျင်သော ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်တစ်ဦးကို အကူအညီတောင်းကာ ကဇာတ်ဌာနခွဲမှ မင်းသား မင်းသမီးများ၊ ရန်ကုန်နှင့် မန္တလေးယဉ်ကျေးမှု အနုပညာတက္ကသိုလ်များမှ ဇာတ်သဘင်ဆိုင်ရာ ကထိက၊ ဆရာ ဆရာမများ ပါဝင်သော အီနောင်ဇာတ်အဖွဲ့ကို ဖွဲ့စည်းပြီး အချိန်တိုအတွင်း လေ့ကျင့်ကပြစေခဲ့သည်။

*စာမျက်နှာ ၂၁ သို့*


အီနောင်မွေးဖွားပြီးနောက် သိကြားမင်းက ပုခက်အတွင်းသို့ သံလျက်လက်နက် လာရောက်ထားခန်း။


အီနောင်နှင့် မာန်ရာမင်းသမီး ချစ်ကြိုက်ခန်း။

စာမျက်နှာ ၂၀ မှ

အီနောင်ဇာတ်တော်ကို အခန်း ခြောက်ခန်းခွဲကာ စကားပြောမပါဘဲ ကပြ၊ လေ့ကျင့်ခဲ့ကြသည်။ အခန်းတစ်ခန်းမကပြမီ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဇာတ်လမ်းအကျဉ်းချုပ်ကို ပိတ်ကားပေါ်တွင် ပြသပြီးမှ အခန်းလိုက် ကပြခဲ့ခြင်းဖြစ်သည်။

မြန်မာ့အီနောင်ဇာတ်တော် ကပြရသော ၂၀၁၃ ခုနှစ် မတ် ၅ ရက်တွင် ဘန်ကောက်မြို့ရှိ Bangkok Culture Centre ကဇာတ်ရုံအပြည့်မျှ ပရိသတ်များ လာရောက် အားပေးကြည့်ရှုခဲ့ကြသည်။ မြန်မာအီနောင်အဖွဲ့၏ လှပတောက်ပြောင်သော နန်းတွင်း အဝတ်အစား၊ သွယ်ပျောင်းနွဲ့နှောင်းသော မြန်မာ ကဟန်တို့ကြောင့် ပရိသတ်အများ စိတ်ဝင်စားလျက် လက်ခုပ်သြဘာသံ သောင်းသောင်းညံစွာ အားပေးခံခဲ့ရသည်။

**အီနောင် ဇာတ်တော် ပြန်လည်ရှင်သန်စေရန်**

ဘန်ကောက်မြို့၌ ပရိသတ်အများ ချီးမွမ်းခံရ၊ လက်ခုပ်သြဘာသံတညံညံဖြင့် အားပေးခံခဲ့ရသော အီနောင်နန်းတွင်းဇာတ်တော်ကို မြန်မာနိုင်ငံတွင်လည်း ကပြဖျော်ဖြေသင့်သည်။ အီနောင် ဇာတ်တော်ပြန်လည်ရှင်သန်စေရန်အတွက် ပုဂ္ဂလိကဇာတ်သဘင်များကို ကပြရန်ညွှန်ကြားပေး၍ မရနိုင်ပါ။ ယဉ်ကျေးမှု ကဇာတ်ဌာနခွဲသည်သာ အီနောင်ဇာတ်တော် မပျောက်ကွယ်စေရန် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းဖြစ်သည်။

ရာမဇာတ်တော်အတွက် ရာမ၊ လက္ခဏ၊ ဒသဂီရိ၊ သီတာဒေဝီ၊ ဘိုးတော်၊ သမင်၊ ခုနစ်ပြည်ထောင်မင်းသားစသည့် ဇာတ်ကောင်များ ရွေးချယ်လေ့ကျင့်ထားသည့်နည်းတူ အီနောင်ဇာတ်တော်အတွက် အီနောင်မင်းသား၊ ပွတ်စပါးမင်းသမီး၊ မာန်ရာမင်းသမီး၊ အီနောင်၏ ဖခမည်းတော်ဘုရင်၊ မိဖုရား၊ ပွတ်စပါးမင်းသမီးနှင့် မာန်ရာမင်းသမီးတို့၏ ဖခမည်းတော်ဘုရင်၊ မိဖုရား၊ အခြားခုနစ်ပြည်ထောင်မင်းသားများစသည့် ဇာတ်ကောင်တို့ကို ရွေးချယ်လေ့ကျင့်ထားသင့်ပါသည်။

**ဇာတ်တော်ကြီးများ မပျောက်ကွယ်စေရေး**

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရာမဇာတ်တော်ကြီး မတိမ်ကောမပျောက်ကွယ်စေရေးအတွက် (၂၃) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် တိုင်းနှင့် ပြည်နယ်များမှ ရာမဇာတ်တော်ကို ကပြယှဉ်ပြိုင်ရန် အစီအစဉ်ပြုလုပ်ထားကြောင်း၊ ဗဟိုမှချပေးသော ရာမဇာတ်စာမူအတိုင်း ကပြယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဇာတ်တော်ကြီးများ မပျောက်ကွယ်စေရေးအတွက် အလွန်ကောင်းမွန်သော အစီအစဉ်ဖြစ်ပါသည်။



ပွတ်စပါးမင်းသမီး ပူဆွေးခန်း။

ထိုနည်းတူ နောင်အခါတွင် အီနောင်ဇာတ်တော်ကိုလည်း ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ–ဇာတ်တော်ကြီးပြိုင်ပွဲအဖြစ် ကပြယှဉ်ပြိုင်စေမည်ဆိုပါက အီနောင်ဇာတ်တော်ကို လူသိများလာမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

အီနောင်ဇာတ်တော်ကြီး မပျောက်ကွယ်စေချင်ပါ။ ။



အီနောင်မင်းသားက ပွတ်စပါးမင်းသမီးကို ရုပ်ဖျက်ခိုးယူခန်း။



ရုပ်ဖျက်ထားသူမှာ အီနောင်မင်းသားမှန်းသိသွားပြီးနောက် ပျော်ရွှင်စွာ ဇာတ်ပေါင်းခန်း။

## တူယှဉ်ဆင်နွဲ သဘင်ပွဲ

❖ စည်းနဲ့ဝါး…စည်းနဲ့ဝါး..ဟု
ညှိထားနရီ ၊ ဘက်စုံစည်အောင်
ထားသည်စည်းကမ်း ၊ ထုံးတမ်းမဝေး
ကြေးကြိုးသားရေ ၊ လေနှင့်လက်ခုပ်
လေးချက်အုပ်ချီ ၊ မူတည်မသွေ
ကောင်းမွေဆက်ခံ ၊ မြန်မာ့ဟန်ကို
ရှင်သန်စေရေး ၊ တည်တံ့ရေးဟု
ချင့်တွေးဆင်နွှဲ သဘင်ပွဲ…။

❖ တိုင်းဒေသကြီး ၊ သီးသီးပြည်နယ်
ရွေးချယ်ဆင့်ဆင့် ၊ မျိုးဂုဏ်တင့်မည့်
ပွင့်ပန်းပမာ ၊ စုံလင်စွာတည့်
ဝါသနာရှင် ၊ ပညာရှင်–ဟု
မြှင့်တင်နိုင်ကြ ၊ ထိန်းနိုင်ကြဖို့
ဆို–က–ရေး–တီး ၊ အသီးသီးမှ
စည်းလုံးချစ်ကြည် ၊ နောင်ရင်းညီတို့
ခိုင်ကျည်တွဲလက် ၊ ဘယ်မပျက်အောင်
ဆက်၍သည်မှ ၊ ကောင်းကျိုးရလိမ့်
လှဂုဏ်ဆောင်သည့် သဘင်ပွဲ…။

❖ ညီနောင်စုံစွ ၊ သည်ပွဲမှလျှင်
ရှိကြထင်ရှား၊ ရိုးရာများဟု
နောက်သားနောင်လာ ၊ နောင်အခါ၌
ခိုင်မာဆစ်ထု ၊ ယဉ်ကျေးမှုတို့
ရေးရှုမှန်ကန် ၊ တည်တံ့ရန်တည့်
ဆက်ခံဆင်နွှဲ သဘင်ပွဲ…။

❖ လူမျိုးဟူသည် ၊ တူညီစိတ်ဝမ်း
ပန်းတိုင်အရောက် ၊ မဖောက်မသွေ
ခြေလှမ်းအတူ ၊ မငြူစူတမ်း
စိတ်ဝမ်းမကွဲ
အမြဲချစ်ခင် ၊ ပြစ်မမြင်ဘဲ
လက်တွဲသူများ ၊ ညီနောင်များမို့
မခြားတူယှဉ် ၊ ဤသဘင်မှ
ပီပြင်ချစ်ခြင်း ၊ လက်ဆောင်နှင်းလျက်
မယွင်းပြည်ရွာ ၊ ငြိမ်းချမ်းသာဖို့
မကြာဆောင်ပို့ နိုင်စေသော်…။

ဘိုမျိုး(ရွှေဘို)

## မိတ္ထီလာမြို့၌ (၅၂) ကြိမ်မြောက် မသိုးသင်္ကန်းပြိုင်ရက် ပူဇော်ပွဲနှင့် ဆွမ်းသပိတ်လောင်းလှူပွဲကျင်းပမည်

**မိတ္ထီလာ အောက်တိုဘာ ၁၆**

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်၌ တည်ထားကိုးကွယ်သော နဂါးရုံ မဟာဗောဓိစေတီတော်၏ (၅၂)ကြိမ်မြောက် မသိုးသင်္ကန်း ပြိုင်ရက်ပူဇော်ပွဲနှင့် ဆွမ်းသပိတ်လောင်းလှူပွဲကို ကျင်းပမည်ဖြစ်ကြောင်း အဆိုပါစေတီတော် ဂေါပကအဖွဲ့ တာဝန်ရှိသူထံမှ သိရသည်။

“နဂါးရုံမဟာဗောဓိစေတီတော်ရဲ့ (၅၂)ကြိမ်မြောက် မသိုးသင်္ကန်းပြိုင်ရက်ပူဇော်ပွဲနဲ့ ဆွမ်းသပိတ်လောင်းလှူပွဲကို ကျင်းပမှာဖြစ်ပြီး တေးဂီတဖျော်ဖြေပွဲတွေ၊ ပျော်ပွဲရှင်ပွဲတွေတော့ ထည့်သွင်းပြုလုပ်မှာ မဟုတ်ပါဘူး။ တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေပိုင်းကစတင်ပြီး မသိုးသင်္ကန်းပြိုင်ရက်ပူဇော်ပွဲကို စတင်မှာဖြစ်ပြီး ပြိုင်ရက်ပူဇော်ပွဲကရရှိလာတဲ့ မသိုးသင်္ကန်းတွေကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်မတက်မီအချိန်မှာ နဂါးရုံမဟာဗောဓိစေတီတော်အတွင်းမှာရှိတဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေမှာ ဆက်ကပ်လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ မသိုးသင်္ကန်းပြိုင်ရက်ပွဲမှာ ရက်ကန်းစင် လေးစင်နဲ့ နှစ်စဉ်ကုသိုလ်ယူ ပြိုင်ပွဲဝင်နေကျဖြစ်တဲ့ ကက္ကူကန်၊ ညောင်ပင်လျှို စတဲ့ကျေးရွာတွေက အမျိုးသမီးရက်ကန်း အဖွဲ့လေးဖွဲ့က ပါဝင်ရက်လုပ်ယှဉ်ပြိုင်မှာဖြစ်ပါတယ်” ဟု နဂါးရုံမဟာဗောဓိစေတီတော် ဂေါပကအဖွဲ့မှ ဦးညီညီမောင်က ပြောသည်။

အဆိုပါ မသိုးသင်္ကန်းပြိုင်ရက်ပူဇော်ပွဲနှင့်အတူ မြို့နယ်အတွင်းရှိကျောင်းတိုက်များမှ ပင့်သံဃာတော်များအား ဆွမ်းသပိတ်များ ဆက်ကပ်လောင်းလှူပွဲကို နိုဝင်ဘာ ၇ ရက် (တန်ဆောင်မုန်းလပြည့် နေ့)နံနက် ၅ နာရီတွင် နဂါးရုံမဟာဗောဓိစေတီတော် ပညာဓိကတန်ဆောင်း အတွင်း ကျင်းပမည်ဖြစ်ပြီး ဆွမ်းသပိတ် လောင်းလှူလိုသူများအနေဖြင့် ဆွမ်းသပိတ်တစ်လုံး ကျပ် ၇၀၀၀ နှုန်းဖြင့် ဂေါပကအဖွဲ့ထံသို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

**ရတနာသစ်တော၊ ပြည့်သွေးကြော။**
**သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

# ပြည်သူ့အကျိုးမျှော် နှိုးဆော်ပါသည်

မောင်မုဒိတာ

**နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများတွင် ယခုရက်ပိုင်းအတွင်း နေ့စဉ်မဟုတ်သော်လည်း တစ်ရက်ခြားနှစ်ရက်ခြားဖြင့် ထုတ်လွှင့်ဖော်ပြနေသည်က "မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်" ဆိုသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်ပင်ဖြစ်သည်။**




**သတ်မှတ်ရက်ကျော်လွန်သွားပါက အထစ အပိုကိုင်ဆောင်ထားသူအတွက် မည်သည့်နေရာဒေသတွင် အခြေချနေထိုင်သည်ဖြစ်ပါစေ၊ ၎င်းအမည်ပါဝင်သော နောက်ဆုံးပြုလုပ်ခဲ့သည့် အထစကိုသာ အတည်ပြု၍ ကျန်အထစများ၊ အမည်များကို ပယ်ဖျက်စာရင်းသွင်းပါမည်။ ထို့အတူ နိုင်ငံသားကတ်အပို ရရှိကိုင်ဆောင်သူများအနေဖြင့် မိမိအတွက် အမှန်အသုံးပြုနေသည့်ကတ်ကိုသာ အတည်ပြု၍ ကျန်ကတ်အပိုများကို ရုံးသို့လာရောက်အပ်နှံရန် ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားလျှင် နောက်ဆုံးထုတ်ယူထားသည့် ကတ်အမှတ်ကိုသာ အတည်ပြု၍ ကျန်ကတ်အပိုအမှတ်များကို ပယ်ဖျက်စာရင်းသွင်းမည်ဖြစ်ပါသည်။**

ယင်းထုတ်ပြန်ချက်တွင် မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) (အထစ) (အရပ်အခေါ် သန်းခေါင်စာရင်း) တို့နှင့်ပတ်သက်၍ တွေ့ကြုံရသည့် အခက်အခဲများကို သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်း ဆောင်ရွက်နိုင်ကြောင်း အသိပေးနှိုးဆော်သကဲ့သို့ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၏ အချက်အလက်ကွဲလွဲမှုများ၊ ကတ်အပိုကိုင်ဆောင်သူများရှိပါက သတ်မှတ်ရက်အတွင်း ဖြေရှင်းဆောင်ရွက်ကြရန် တိုက်တွန်းထုတ်ပြန်ခြင်းလည်း ဖြစ်သည်။

**e-Government စနစ် ဆောင်ရွက်နိုင်ရန် အခြေခံအကျဆုံးအုတ်မြစ်**

နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် e-Government စနစ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အခြေခံအကျဆုံးအုတ်မြစ်သည် e-ID စနစ်ပင်ဖြစ်သည်။ e-ID စနစ်သည် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝအချက်အလက်များကို အီလက်ထရွန်နစ်စနစ်ဖြင့် မှတ်ပုံတင်ခြင်း(Electronic Identity) စနစ်ဖြစ်သည်။

e-ID စနစ်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတွင်းနေထိုင်သူအားလုံးကို အီလက်ထရွန်နစ်နည်းပညာအသုံးပြု၍ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် (Biographic Data) နှင့် လက်ဗွေ၊ မျက်လုံးသူငယ်အိမ်၊ မျက်နှာဓာတ်ပုံ (Biometric Data) များ ကောက်ယူကာ Database တွင် သိမ်းဆည်းပြီး လူတစ်ဦးချင်းစီအတွက် (Unique ID) နံပါတ်သတ်မှတ်၍ မှတ်ပုံတင်ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းစနစ်ကို နိုင်ငံတော်တော်များများက တွင်တွင်ကျယ်ကျယ် အသုံးပြုနေပြီဖြစ်သော်လည်း မိမိနိုင်ငံတွင် အသုံးပြုနိုင်ရန် အစပျိုးဆောင်ရွက်နေဆဲဖြစ်သည်။ ယခုအခါ e-ID စနစ်လုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေပြီဖြစ်ပါသည်။ လုပ်ငန်းစဉ်စတင်နေသော်လည်း လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သကဲ့သို့ ငွေကုန်ကြေးကျလည်း များမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် (Biographic Data) အတွက် စတင်ဆောင်ရွက်နေပြီဟု ဆိုရမည်ပင်။

**e-ID နည်းပညာဖြင့် စာရင်းသွင်းခြင်း**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံသားတိုင်း အိမ်ထောင်စုလူဦးရေစာရင်း (အထစ) နှင့် နိုင်ငံသား ဖြစ်တည်မှုအရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နိုင်ငံသားဖြစ်တည်မှုဟုဆိုရာတွင် မြန်မာနိုင်ငံ၌ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ မွေးရာပါနိုင်ငံသားဖြစ်သည့် တိုင်းရင်းသားများနှင့် ယင်းဥပဒေအရ ဖြစ်သောနိုင်ငံသားများကို ဆိုလိုသည်။ နိုင်ငံသားများအတွက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ထားသူများသည် ၎င်းတို့နှင့် ပတ်သက်သည့် မျိုးရိုးစဉ်ဆက်၊ ကိုယ်ရေးအချက်အလက်များကို ရယူမှတ်တမ်းပြုထိန်းသိမ်းဆောင်ရွက်ရသည်။ ဝန်ကြီးဌာန၏ မြို့နယ်ရုံးအသီးသီး၌ နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို ပြုစုထိန်းသိမ်းထားရှိရာ ယခုအခါ ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးပြီးသူများ၏ နိုင်ငံသားကတ် ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) မှတ်တမ်းများကို e-ID Biographic Registration Software နည်းပညာဖြင့် ရိုက်သွင်းခဲ့ရာ လူဦးရေ ၅၂ သန်းကျော် စာရင်းသွင်းပြီးဖြစ်သည်။

အလားတူ မြို့နယ်ရုံးများရှိ အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) ပါ အချက်အလက်များကို Software နည်းပညာဖြင့် ရိုက်သွင်းခဲ့ရာ ယခုအခါ အိမ်ထောင်စု ၁၂ သန်းကျော်၊ လူဦးရေသန်း ၅၀ ကျော် စာရင်းသွင်းပြီးဖြစ်သည်။ ယင်းစာရင်း နှစ်ခုကို Software နည်းပညာဖြင့် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်း (အထစ) တစ်ခုထက် ပိုမိုကိုင်ဆောင်ထားသူများ၊ အခြားအထစတွင်လည်း အမည်စာရင်းပါဝင်နေသူများ၊ နိုင်ငံသားကတ် (မှတ်ပုံတင်) တစ်ခုထက် ပိုမိုရယူကိုင်ဆောင်ထားသူများ၊ နိုင်ငံသားကတ်အမှတ်တစ်ခုတည်းဖြင့် လူနှစ်ဦး ကတ်အမှတ်တူ ကိုင်ဆောင်ထားသူများ၊ တစ်နည်း ကတ်အမှတ်ထပ်နေသူများစသည်ဖြင့် စာရင်းကွဲလွဲမှုမျိုးစုံ စိစစ်တွေ့ရှိနေရကြောင်း သိရှိရသည်။ ယင်းလုပ်ငန်းစဉ်သည် e-ID စနစ်အတွက် လုပ်နိုင်သမျှသော နည်းလမ်းများဖြင့် ပြီးစီးနိုင်သမျှသောလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နေသော လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အချက်အလက်မှန်ကန်ရေးနှင့် စနစ်တကျဖြစ်ရေးသည် အလွန်အရေးကြီးသည်။

**အချက်အလက်များ တိတိကျကျရရှိ**

အိမ်ထောင်စုလူဦးရေစာရင်း (အထစ) နှင့် နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည်။ လူတစ်ဦးသည် အိမ်ထောင်စုလူဦးရေစာရင်းတစ်ခုတွင်သာ အမည်ပါရှိရမည်ဖြစ်သည်။ မိသားစုအတွင်း မွေးဖွားမှုရှိတိုင်း မွေးတိုးဖြည့်စွက်၍ သေဆုံးမှုရှိက သေလျော့ဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အထောက်အထားများဖြင့် တင်ပြဆောင်ရွက်ကြရသည်။ အလွယ်ပြောရလျှင် မွေးတိုးသည် မွေးဖွားမှုအတွက် အိမ်ထောင်စုစာရင်းတွင် အင်အားတိုးခြင်းဖြစ်ပြီး သေလျော့သည် သေဆုံးသူအတွက် အိမ်ထောင်စုစာရင်းတွင် အင်အားစာရင်းလျှော့ခြင်းဖြစ်သည်။

တစ်နေရာမှတစ်နေရာ ပြောင်းရွှေ့နေထိုင်လျှင်လည်း ဝန်ကြီးဌာန၏ ပြောင်းဝင် / ပြောင်းထွက် ပုံစံ (၁၀) ဖြင့် ဆောင်ရွက်ကြရမည်။ နိုင်ငံသားကတ် (မှတ်ပုံတင်) မရှိသေးသူများသည် လုပ်ထုံးလုပ်နည်းနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်း (အထစတွင် အမည်စာရင်းပါရှိရန် ဦးစွာဆောင်ရွက်ပြီး ကိုင်ဆောင်ကတ်ပြား လျှောက်ထားရယူကြရမည်ဖြစ်သည်။ အထစနှင့် နိုင်ငံသားကတ်တို့၌ မိမိနှင့်ပတ်သက်သည့်အချက်အလက်များ ကွဲလွဲနေပါကလည်း သက်ဆိုင်ရာရုံးများ၌ တင်ပြလျှောက်ထားကာ အမှန်ကို ပြင်ဆင်ကြရမည်ဖြစ်သည်။ အထစနှင့် နိုင်ငံသားကတ် (မှတ်ပုံတင်) တစ်ခုထက် ပိုမိုကိုင်ဆောင်မှု၊ အချက်အလက်များကို မိမိသဘောဖြင့် ပြင်ဆင်မှုတို့ ဆောင်ရွက်ပါက ဥပဒေအရ အရေးယူခြင်းခံရနိုင်သည်။ ယခုကဲ့သို့ အထစနှင့် နိုင်ငံသားကတ်တို့ကို Software နည်းပညာဖြင့် ဖြည့်သွင်းတိုက်ဆိုင်စစ်ဆေးလိုက်သည့်အခါ မှန်ကန်သည့်အချက်အလက်များ တိတိကျကျရရှိပြီး ကွဲလွဲနေမှုများလည်း အထင်အရှားပေါ်ပေါက်လာခဲ့သည်။ လူတချို့၏အမည်မှာ အိမ်ထောင်စုလူဦးရေ စာရင်း (အထစ) တစ်ခုတွင်မက အခြားအထစတွင်လည်း ပါနေသည်။ မိသားစုလိုက်လည်း အထစ တစ်ခုထက်ပိုပြီး အလားတူရှိနေသည်။

နိုင်ငံသားကတ် (မှတ်ပုံတင်) အမှတ်တစ်ခုထက် ပိုမို၍ ကတ်နှစ်ခု၊ သုံးခုကိုင်ထားပြီး အသုံးပြုရာတွင်လည်း ကတ်အမှတ် သတ်သတ်မှတ်မှတ်မရှိဘဲ အသုံးပြုထားသည်။ ဥပမာ- ဘဏ်များတွင် ကတ်အမှတ်မတူဘဲ အကောင့်နှစ်ခု ဖွင့်ထားသကဲ့သို့ဖြစ်သည်။ တချို့ကတော့ ကတ်အမှတ်တစ်ခုတည်း လူနှစ်ဦးက အသုံးပြုနေသည်။ အချင်းချင်းတော့မသိ နံပါတ်ထပ်သည်ပေါ့။ တချို့က အထစတွင် အမည်တူ၊ နိုင်ငံသားအမှတ်မတူ၊ နိုင်ငံသားကတ်အမှတ်တူ၊ အမည်ကွဲလွဲနေသည်များ ဖြစ်နေသည်။ ရုံးဌာနနှင့် ကာယကံရှင်တို့အကြား အခြေအနေတစ်ရပ်ရပ် အကြောင်းအမျိုးမျိုးကြောင့် ကွဲလွဲမှုများ၊ ထပ်နေမှုများဖြစ်နေသည်။ ဤသို့ဆိုပါလျှင် အထစနှင့် နိုင်ငံသားကတ် (မှတ်ပုံတင်) တို့နှင့် ပတ်သက်၍ လူတစ်ဦးနေထိုင်မှု

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

တစ်နေရာတွင် အမည်ပါရှိပြီး ကတ်တစ်ကတ်ကိုင် ဆောင်နိုင်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်နေပေပြီ။

**သဘောရိုးဖြင့် မှားယွင်းကိုင်ဆောင်ခြင်း**

ယင်းသို့ဖြစ်ပေါ်နေရခြင်းသည် အများပြည်သူ အနေဖြင့် မသိနားမလည်ခြင်း၊ သဘောရိုးဖြင့် မှားယွင်းကိုင်ဆောင်ခြင်းတို့ကြောင့် ဖြစ်သည့် အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်းဆောင်ရွက် ကြရမည်သာ။ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်သူ များ ကြိုတင်စီစဉ်ဆောင်ရွက်နိုင်ရေး၊ မြို့နယ် လဝကရုံးများအနေဖြင့် ဆောင်ရွက်ရန်လိုအပ်သည် များ ကြိုတင်ပြင်ဆင်ထားရှိရေး နှစ်ဦးနှစ်ဖက် ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနက **"မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်"** တစ်ရပ်ကို နိုင်ငံပိုင်မီဒီယာများမှ ထုတ်ပြန်ခဲ့ခြင်းဖြစ် သည်။

အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) (အထစ) အတွက် အချက်ခြောက်ချက်နှင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အတွက် အချက် ခုနစ်ချက် ပါဝင် သည်။ အကြောင်းအရာဖြစ်စဉ်အရ မည်သို့ မည်ပုံ ဆောင်ရွက်ရမည်ကို ဖော်ပြထားသည်။ အထစ မရှိသေးသူများ၊ နိုင်ငံသားကတ် မပြုလုပ်ရသေးသူ များအတွက်လည်း ဆောင်ရွက်ရန်ပါရှိသည်။ **ဖော်ပြ ချက်တစ်ချက်ချင်းကို သေချာဖတ်ရှု၍ မိမိနှင့် သက်ဆိုင်မှုရှိသည်ဆိုပါက သက်ဆိုင်ရာရုံးသို့ အမြန် ဆက်သွယ်ဆောင်ရွက်ရန်သာ ဖြစ်သည်။ အချိန် ကာလကသိပ်မရှိ၊ လာမည့်နိုဝင်ဘာ ၁ ရက် ၁-၁၁- ၂၀၂၂ အထိသာ သက်ဆိုင်ရာရုံးများက ကာယ ကံရှင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်သည်။**

**သတ်မှတ်ကာလအတွင်း**
**ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်**

ယင်းသတ်မှတ်ရက် ကျော်လွန်ပါက သက်ဆိုင် ရာရုံးက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။ (၁-၁၁-၂၀၂၂) ရက် အတွင်းသာ ကာယကံရှင်၏ ဆန္ဒအရ လိုအပ်ချက် အပေါ်မူတည်ကာ ပြင်ဆင်ပေးမည်ပေါ့။ အများနှင့် ဆောင်ရွက်ရသည့်ကိစ္စအတွက် ကာလ သတ်မှတ် ချက်အတွင်း အမြန်ဆုံးပူးပေါင်းညှိနှိုင်းဆောင်ရွက် ကြရန်ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ သတ်မှတ်ရက်ကျော်လွန်သွား ပါက အထစ အပိုကိုင်ဆောင်ထားသူအတွက် မည်သည့်နေရာဒေသတွင် အခြေချနေထိုင်သည် ဖြစ်ပါစေ၊ ၎င်းအမည်ပါဝင်သော နောက်ဆုံးပြုလုပ် ခဲ့သည့် အထစကိုသာ အတည်ပြု၍ ကျန်အထစများ၊ အမည်များကို ပယ်ဖျက်စာရင်းသွင်းပါမည်။ ထို့အတူ နိုင်ငံသားကတ်အပို ရရှိကိုင်ဆောင်သူများအနေဖြင့် မိမိအတွက် အမှန်အသုံးပြုနေသည့် ကတ်ကိုသာ အတည်ပြု၍ ကျန်ကတ်အပိုများကို ရုံးသို့လာရောက် အပ်နှံရန် ဖြစ်ပါသည်။ သတ်မှတ်ရက်ကျော်လွန် သွားလျှင် နောက်ဆုံးထုတ်ယူထားသည့် ကတ် အမှတ်ကိုသာ အတည်ပြု၍ ကျန်ကတ်အပိုအမှတ် များကို ပယ်ဖျက်စာရင်းသွင်းမည်ဖြစ်ပါသည်။

**ထိခိုက်ဆုံးရှုံးမှုများလည်း ရှိလာနိုင်**

ယင်းကဲ့သို့ ကာယကံရှင်ကိုယ်တိုင်က အပို ကိုင်ဆောင်ထားသည့် အထစများ၊ တစ်နေရာထက် ပို၍ မိမိအမည်ပါနေသည့်အထစများနှင့် နိုင်ငံသား ကတ်များကို အကြောင်းကြားအပ်နှံခြင်း မရှိသဖြင့် သက်ဆိုင်ရာရုံးက ထုတ်ပြန်ချက်အတိုင်း ပယ်ဖျက် လိုက်ပြီဆိုပါက ပယ်ဖျက်လိုက်သည့် အထစနှင့် ပတ်သက်ဆောင်ရွက်ထားသည့် ကိစ္စရပ်များ (ဥပမာ-ယင်းအထစသည် မိမိလက်ရှိနေထိုင်သည့် နေရာ၏အထစဖြစ်နေခြင်း)၊ ပယ်ဖျက်လိုက်သည့် နိုင်ငံသားကတ်နှင့်ပတ်သက်သည့် ကိစ္စရပ်များ (ဥပမာ-ယင်းကတ်အမှတ်ဖြင့် ဘဏ်စာရင်းဖွင့်လှစ် ထားမှု၊ ဖုန်း SIM Card မှတ်ပုံတင်ထားမှု စသည်) အားလုံးရပ်ဆိုင်းသွားမည်ကို သတိပြုစေလိုသည်။

**e-ID စနစ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဆိုပါက ပြည်သူများအတွက် လူမှုဘဝဆောင်ရွက်မှုတိုင်းတွင် Smart Card တစ်ခုတည်းဖြင့် လုပ်ငန်းဆောင်တာ အဝဝကို အလွယ်တကူ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်သူ့ဝန်ဆောင်မှုတိုင်းအတွက် ခေတ်မီအီလက်ထရွန်နစ်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆောင်ရွက်မှုတစ်ခုဖြစ်လာမည် ဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ၂၀၂၀ ပြည့်နှစ်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲစာရင်းအလွဲအမှားများ မဖြစ်ပေါ်စေရေးအတွက် မှန်ကန်သည့် မဲစာရင်းပြုစုရာတွင် အထောက်အကူများစွာ ရရှိပေမည်**

ထိုကဲ့သို့ ရပ်ဆိုင်းခံရပါက ကာယကံရှင်အနေဖြင့် ထိခိုက်ဆုံးရှုံးမှုများလည်း ရှိလာနိုင်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ အသိပေးထုတ်ပြန်ချက်ကဲ့သို့ပင် ဖုန်း SIM Card အသုံးပြုသူများအနေဖြင့် မိမိတို့၏ အမည်၊ နိုင်ငံသားကတ်အမှတ်တို့ကို မှန်ကန်စွာ ဖြည့်စွက်မှတ်ပုံတင်သုံးစွဲကြရေးနှင့် လဝက၏ e-ID Software နည်းပညာဖြင့် ဖြည့်သွင်းထားသည့် National Database တွင် စိစစ်တိုက်ဆိုင်စစ်ဆေး ချက်အရ အချက်အလက်မမှန်သည့် SIM Card များ ကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ပိတ်သိမ်း SIM Card များရှိ လက်ကျန်ငွေများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း ဆက်သွယ် ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားကြောင်း တွေ့ရသည်။

အလားတူပင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လည်း လုံခြုံ၍ စွမ်းရည်ပြည့်ဝသော အမျိုးသား ငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရွန်နစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက် သူများအား ကောင်းစွာသိရှိခြင်း (Electronic- Know Your Customer) (e-KYC) လုပ်ငန်းစဉ်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေး စာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားကတ်အမှတ်တို့အား လဝက၏ National Database ရှိ အချက်အလက်များနှင့်လည်းကောင်း၊ SIM Card နံပါတ်ကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာန၏ SIM Card မှတ်ပုံတင်ခြင်း Database ရှိ အချက်အလက်များနှင့်လည်းကောင်း စိစစ် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပြီး KYC အချက်အလက် များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းကြရေးနှင့် သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိ သည့် မိုဘိုင်းငွေကြေးစာရင်းများကို အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန် ထားကြောင်းလည်း တွေ့ရှိရသည်။

**အရေးကြီးသည့်လုပ်ငန်းတစ်ရပ်**

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်တို့၏ ထုတ်ပြန်ချက်များသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၏ "မိဘပြည်သူများသို့ အသိပေးထုတ်ပြန် ချက်" အား အများပြည်သူ သိရှိလိုက်ပါဆောင်ရွက်မှု အပေါ်တွင် မူတည်နေသည်။ လူတစ်ဦးချင်းစီနှင့် ပတ်သက်သည့် အိမ်ထောင်စုလူဦးရေစာရင်း (အထစ) နှင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အချက်အလက် မှန်ကန်ရေး၊ တစ်ခုထက် ပိုမိုကိုင်ဆောင်ခြင်းမရှိရေး၊ မရရှိသေးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြ လျှောက်ထားရယူကိုင်ဆောင်ရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည့် အရေးကြီးသည့်လုပ်ငန်းတစ်ရပ် ဖြစ်နေသည်။ နောင်ဆက်လက်ဆောင်ရွက်မည့် e-ID စနစ်အတွက် Unique ID နံပါတ်တစ်ခု ထုတ်ပေးခြင်းမှသည် နိုင်ငံသားကတ်(မှတ်ပုံတင်) ရရှိပြီးသူများအား National ID - Smart Card ပြောင်းလဲထုတ်ပေးခြင်းလုပ်ငန်းသို့ ချောချော မွေ့မွေ့ဆောင်ရွက်နိုင်မည့် အခြေခံလုပ်ငန်းလည်း ဖြစ်သည်။

ထို့ကြောင့် e-ID Software နည်းပညာဖြင့် ဖြည့်သွင်း ထိန်းသိမ်းထားသည့် National Data- base ရှိ အချက်အလက်များသည် တိကျမှန်ကန်ရန် အရေးကြီးသည်။ ယင်းအချက်အလက်များ တိကျ မှန်ကန်ရေးသည် ယခုလဝက၏ "မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်" လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရန် ထိရောက်သော နှိုးဆော်ချက်ဖြစ် သည်။

**နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့်**
**ဆောင်ရွက်မှုတစ်ခု**

e-ID စနစ်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်မည်ဆိုပါက ပြည်သူများအတွက် လူမှုဘဝ ဆောင်ရွက်မှုတိုင်းတွင် Smart Card တစ်ခုတည်း ဖြင့် လုပ်ငန်းဆောင်တာအဝဝကို အလွယ်တကူ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်သူ့ဝန်ဆောင်မှု တိုင်းအတွက် ခေတ်မီအီလက်ထရွန်နစ်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင် သည့် ဆောင်ရွက်မှုတစ်ခုဖြစ်လာမည် ဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ၂၀၂၀ ပြည့်နှစ်က ကျင်းပခဲ့ သည့် ရွေးကောက်ပွဲကဲ့သို့ မဲစာရင်းအလွဲအမှားများ မဖြစ်ပေါ်စေရေးအတွက် မှန်ကန်သည့် မဲစာရင်းပြုစု ရာတွင် အထောက်အကူများစွာ ရရှိပေမည်။ မဲပေး ပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ၎င်းတို့၏ နိုင်ငံသား ဖြစ်တည်မှု အရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရမည် ဆိုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ကိုလည်း အကောင်အထည်ဖော်ပြီးဖြစ်ပေမည်။

ဤသို့ဆိုပါလျှင် ပြည်သူများအနေဖြင့် မိမိတို့၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) (အထစ) (အရပ်အခေါ်သန်းခေါင်စာရင်း) ပါ အချက်အလက် များ ပြည့်စုံမှန်ကန်ရေး၊ နိုင်ငံသားကတ် ထုတ်ပေး ခြင်း မှတ်ပုံတင်စာအုပ် (နိုင်-၄) ပါ အချက်အလက် များနှင့် တစ်သားတည်းဖြစ်ရေး၊ အထစ နှင့် နိုင်ငံသားကတ်အပို ရယူကိုင်ဆောင်ထားပါက သက်ဆိုင်ရာလဝကရုံးသို့ သတ်မှတ်ရက်အတွင်း ဆက်သွယ်အပ်နှံဆောင်ရွက်ရေး၊ အထစနှင့် နိုင်ငံသားကတ်မရှိသေးသည့် နိုင်ငံသားများက သက်ဆိုင်ရာလဝကရုံးများနှင့် ဆက်သွယ်၍ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ကြရေးတို့အတွက် **လဝက၏ "မိဘပြည်သူများသို့ အသိပေးထုတ်ပြန် ချက်" အပေါ် ထပ်မံအသိပေး တိုက်တွန်းအပ်ပါ သည်။ ပြင်ဆင်ဖြည့်စွက်အပ်နှံရန် လိုအပ်သည့် ကာယကံရှင်များအတွက် သတ်မှတ်ရက်သည် လာမည့် နိုဝင်ဘာ ၁ ရက် (၁-၁၁-၂၀၂၂) ဖြစ်သည့် အတွက်** အမြန်ဆုံးဆက်သွယ်ဆောင်ရွက်နိုင်ရေး မုဒိတာစိတ်ထားဖြင့် ပြည်သူ့အတွက် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ။

## မန်စီးတီးကို လီဗာပူးအနိုင်ရပြီး မန်ယူနှင့် နယူးကာဆယ် သရေကျ

ပရီမီယာလိဂ်ပွဲစဉ် (၁၁) မှ အကောင်းဆုံးပွဲစဉ်ဖြစ် သည့် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်ကို အောက်တိုဘာ ၁၆ ရက် ညပိုင်းက အန်ဖီးလ် ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင် ကစားခဲ့ရာ လီဗာပူးအသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိ ခဲ့သည်။

ယခုပွဲစဉ်တွင် လီဗာပူးရော မန်စီးတီးအသင်းပါ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သော်လည်း ရရှိလာသည့်အခွင့် အရေးကို အဆုံးသတ်သေချာသည့် လီဗာပူးအသင်း က အနိုင်ရလဒ် ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းအတွက် အနိုင်ဂိုးကို ပွဲချိန် ၇၆ မိနစ် တွင် တိုက်စစ်မှူး ဆာလာ က သွင်းယူပေးသည်။

အခြားသောပွဲစဉ်ရလဒ်များတွင် ချယ်ဆီးက အက်စ်တွန်ဗီလာကို နှစ်ဂိုးပြတ်၊ အမှတ်ပေးဇယား ဦးဆောင်သူ အာဆင်နယ်က လိဒ်စ်ကို တစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူနှင့် နယူးကာဆယ်အသင်းတို့ ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သလို ဆောက်သမ်တန်နှင့် ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက် တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

**အောင်ဇော်**



# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာစိုက်ပျိုးမွေးမြူရေး၊ သမဝါယမလုပ်ငန်းများနှင့် မြစိမ်းရောင်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Multivitamin (EV, Solar Power Energy)

## စက်မှုစီးပွားထူးချွန်ဆုရ အင်ဂျင်နီယာ (ထွန်း)

*(ယမန်နေ့မှ အဆက်)*

ရေတံခွန်ရေစီးအား အသုံးပြု၍ ရေအားလျှပ်စစ် Hydro Power ရယူနိုင်ခြင်းအပြင် နေရောင်ခြည်ရနေချိန်တွင် Solar Energy ဖြင့် လည်းကောင်း၊ လေစွမ်းအားရနေချိန်တွင် Wind Power ဖြင့် လည်းကောင်း မြေနိမ့်ရာမှ ပို၍မြေမြင့်သည့်နေရာရှိ ရေလှောင်ကန်(Reservoir)သို့ ရေစုပ်တင်ဖြည့်ပေးပြီး ထိုမှတစ်ဖန် ပိုက်လိုင်းသွယ်တန်းကာ အပေါ်သိုလှောင်ကန်မှရေကို အောက်သို့စီးဆင်းစေသည့် ရေဆင်းပိုက်လိုင်းပြုလုပ်ခြင်း၊ ထိုလမ်းကြောင်း၏ တစ်နေရာတွင် Hydro Turbine Power Generator တပ်ဆင်ထားရှိပြီး Open-loop Pumped Hydropower ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား မရနိုင်သေးသည့်နေရာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပါမည်။

**Open-loop Pumped Hydropower နည်းစနစ်**

ဖော်ပြပါနည်းစနစ်ကို မဟာဓာတ်အားလိုင်းသို့ ချိတ်ဆက် စွမ်းအားပေးနိုင်မည့် မြေအနေထားပေးသော နေရာတိုင်းတွင် တည်ဆောက်ပေးပြီး လက်ရှိမိမိတို့၏ မဟာဓာတ်အားလိုင်းသို့လည်း လျှပ်စစ်ဓာတ်အား စွမ်းအားဖြည့်တင်းပေးနိုင်အောင် စီမံပေးနိုင်ပါသည်။

**မိသားစုများ တောစခန်းချ အနားယူသောနေရာ၊ ရှေ့တန်းကင်းစခန်းချထားနေရာများ၊ ရှေ့တန်းအလုပ်ဌာနနေရာများ၊ သတ္တုတူးဖော်ရေး မိုင်းလုပ်ငန်းနေရာများအတွင်း အလုပ်ခန်းနေရာများနှင့် လူနေအဆောက်အအုံနေရာများ၊ လျှပ်စစ်ဓာတ်အား မရှိသေးသော မဟာဓာတ်အားလိုင်းနှင့်ဝေးသည့် နေရာမျိုးများတွင်လည်း ဖော်ပြပါ ပူးတွဲတင်ပြထားသည့် နမူနာ Mini Solar Wind Hybrid Energy System ကို အသုံးချနိုင်မည်ဖြစ်**



ပြည်သူများအား မြစ်ဖြတ်ကူး သယ်ယူပို့ဆောင်ရေးတွင် အသုံးပြုနိုင်သည့် ဆိုလာစနစ်သုံး EV ရေယာဉ်နမူနာပုံ။

ထိုသို့သော Open-loop Pumped Hydropower နည်းစနစ်ကို အသုံးပြုရာတွင် Auto Series Pumps Group Pumping system များဖြင့် ဆောင်ရွက်ရာ၌ Group အလိုက် ပါဝင်နေသည့် pump တစ်လုံးချင်းစီ၏ function မလုပ်သည်နှင့် ချက်ချင်းသိနိုင်မည့် Information feedback control system ကိုပါ စီမံထားရှိကာ ချွတ်ယွင်းမှုကိုသိရှိသည်နှင့် အရန်သင့်ဆောင်ထားသည့် Pump ဖြင့် ချက်ချင်း အစားထိုးပေးနိုင်အောင် စီမံပေးထားခြင်းဖြင့် Main Operation System Function ကို အနှောင့်အယှက်မဖြစ်စေအောင် လုပ်ထားနိုင်ပါမည်။

**ဆိုလာနှင့် လေအားသုံး Hybrid Energy System**

မိသားစုများ တောစခန်းချ အနားယူသောနေရာ၊ ရှေ့တန်းကင်းစခန်းချထားနေရာများ၊ ရှေ့တန်းအလုပ်ဌာနနေရာများ၊ သတ္တုတူးဖော်ရေး မိုင်းလုပ်ငန်းနေရာများအတွင်း အလုပ်ခန်းနေရာများနှင့် လူနေအဆောက်အအုံနေရာများ၊ လျှပ်စစ်ဓာတ်အား မရှိသေးသော မဟာဓာတ်အားလိုင်းနှင့်ဝေးသည့် နေရာမျိုးများတွင်လည်း ဖော်ပြပါ ပူးတွဲတင်ပြထားသည့် နမူနာ Mini Solar Wind Hybrid Energy System ကို အသုံးချနိုင်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ဆိုလာစနစ်၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ မာလ်တီဗိုက်တာမင် အားဆေးတစ်ရပ်အဖြစ် အကြံပြုတင်ပြလိုက်ပါသည်။ ။



Open-loop Pumped Hydropower System အတွက် ဆိုလာနှင့် လေအား စွမ်းအင်နှစ်မျိုးဖြင့် ရေတင်မှု သရုပ်ပြပုံ။



မဟာဓာတ်အားလိုင်းနှင့်ဝေးသောနေရာများ၌ အသုံးပြုသင့်သည့် ဆိုလာနှင့် လေအားနှစ်မျိုးသုံး Hybrid Energy System ။

# မဒေါက်မြို့ သောင်ကြီးကျေးရွာ၌ ရေဘေးကင်းလွတ် နိမ္မိတာရုံသုံးထပ်ကျောင်းဆောင်သစ်ဆောက်ရန် ပန္နက်တင်

**ညောင်လေးပင် အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာရှိ သာသနဝေပုလ္လကျောင်းတိုက်အတွင်း၌ ရေဘေးကင်းလွတ်သည့် နိမ္မိတာရုံသုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရန် ပန္နက်တင်ပွဲကို အောက်တိုဘာ ၁၃ ရက်က ကျင်းပသည်။

ပန္နက်တင်ပွဲတွင် မဒေါက်မြို့ ပန်းငွေရုံတောရပရိယတ္တိစာသင်တိုက် နာယကဆရာတော်က သီလချီးမြှင့်ပြီး တာဝန်ရှိသူများက ကျောင်းတော်တည်ဆောက်မှုအကျိုးဆောင်အဖွဲ့အမည်စာရင်း၊ အလှူရှင်စာရင်းများကို ဆရာတော်ထံ ဖတ်ကြားလျှောက်တင်သည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဆရာတော်နှင့် တာဝန်ရှိသူများက ပန္နက်များ တင်ပေးခဲ့သည်။

နှစ်စဉ် ရေကြီးနစ်မြုပ်သည့်ဘေးမှ ကင်းလွတ်ရန် ကျောင်းဆောင်သစ်ကို တည်ဆောက်ခြင်းဖြစ်ပြီး ကျောင်းဆောင်သစ်တွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ အထင်ကရဆရာတော်ကြီးများ၏ ပြခန်းများလည်း ပါဝင်မည်ဖြစ်သည်။ သောင်ကြီးကျေးရွာဒေသရှိ ပြည်သူများ ရေဘေးကြုံတွေ့ပါက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်၊ ဘက်စုံသုံးရန်နှင့် ဝါတွင်းဝါပယောဂီများ တရားစခန်းဝင်နိုင်ရန်အတွက်လည်း ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ကို ပန်းငွေရုံဆရာတော်ကြီးက ကျပ်သိန်း တစ်ရာမတည်ကာ အနယ်နယ်အရပ်ရပ်ရှိ စေတနာရှင် အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်မည်ဖြစ်ပြီး စုစုပေါင်း ကျပ်သိန်းငါးထောင်ခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ အလှူငွေ ကျပ်သိန်းငါးရာခန့် ရရှိပြီးဖြစ်ရာ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးခင်ဝင်း (ရန်ကုန်) ဖုန်း - ၀၉၂၅၄၇၃၈၅၄၆၊ ဦးတင်အောင်စိုး ဖုန်း - ၀၉၅၁၉၄၈၆၄၊ ဦးဝင်းအောင် (တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ) ဖုန်း-၀၉၇၉၄၁၃၈၇၄၅ နှင့် ဦးသန်းဦး ဖုန်း - ၀၉၆၆၅၄၉၄၁၄၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ကရင်ပြည်နယ် ဖာပွန်မြို့နှင့် ကမမောင်းမြို့သွား ကားလမ်းတစ်လျှောက် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့်မိုင်းများကို အများပြည်သူဘေးအန္တရာယ်မရှိစေရေး ဖယ်ရှားရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၆**

NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ပြည်သူ လူထုများနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေး တာဝန်ရှိသူများ ထိခိုက်ဒဏ်ရာ ရရှိစေရန်နှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့မှုမရှိစေရေး ရည်ရွယ်ချက်များဖြင့် အများပြည်သူ အသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင် လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ကရင်ပြည်နယ် ဖာပွန်မြို့နှင့် ကမမောင်းမြို့သွား ကားလမ်းတစ်လျှောက်၌လည်း အကြမ်းဖက်သမားများက လက်လုပ်မိုင်းများ ထောင်ထားကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲအထိ မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါ ကားလမ်းဝဲ/ယာ တစ်လျှောက်မှ ၅ ဂါလန်ပုံးဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်ဆွဲမိုင်း ၂၃ လုံး၊ ပလတ်စတစ်ထမင်းဘူးဖြင့် ပြုလုပ်ထားသည့် ဒေသန္တရဆွဲမိုင်းနှစ်လုံး၊ စနက်တံ ၁၇ ခုနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး အများပြည်သူအန္တရာယ် မဖြစ်ရေး သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။





အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်ဆွဲမိုင်းများ၊ စနက်တံများနှင့် ဆက်စပ်ပစ္စည်းများ။

ယခုကဲ့သို့ အများပြည်သူ သွားလာ အသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်၌ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှုလုပ်ရပ် ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက် ရှိကြောင်းနှင့် အဆိုပါ ဖာပွန်-ကမမောင်းသွား ကားလမ်းတစ်လျှောက် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် နယ်မြေလုံခြုံအေးချမ်းတည်ငြိမ်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ - က နှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရွှေမြိုင်သာယာကျေးရွာနေ သိန်းဝင်းသည် ၎င်းအသုံးပြုသည့် “Bang Bang” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းသို့ Drone ယာဉ် အသုံးပြု၍ လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချတိုက်ခိုက်၊ အသက်လေးနှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းသို့ ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ် အသုံးပြု၍ လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချ တိုက်ခိုက်ခဲ့ခြင်းကြောင်း၊ အပြစ်မဲ့ပြည်သူ အသက်လေးနှစ်ရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။



ဗုံးစထိမှန် ဒဏ်ရာရရှိသည့် လေးနှစ်အရွယ်ကလေးငယ်။



စာသင်ဆောင်၏ မျက်နှာကြက်နှင့် သွပ်မိုးများ ပေါက်ပြဲပျက်စီးနေသည်ကို တွေ့ရစဉ်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့နယ် ဘုန်းကံကျေးရွာအတွင်းသို့ ယနေ့နံနက် ၉ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်တစ်စင်းအသုံးပြု၍ လက်လုပ်ဗုံးနှစ်လုံး ရမ်းသန်းဖြုတ်ချ တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ တိုက်ခိုက်ခြင်းကြောင့် ဘုန်းကံကျေးရွာ အလယ်တန်းကျောင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး အလျား ပေ ၁၂၀၊ အနံ ပေ ၆၀ ရှိ စာသင်ဆောင်၏ မျက်နှာကြက်နှင့် သွပ်မိုးများ ပေါက်ပြဲပျက်စီးခဲ့ပြီး ကျေးရွာတွင် နေထိုင်လျက်ရှိသော အသက်လေးနှစ်အရွယ် ကလေးငယ်တစ်ဦး ဗုံးစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။

ဒဏ်ရာရ ကလေးငယ်အား ဘုန်းကံကျေးရွာ ကျေးလက်ဆေးပေးခန်း၌ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကျေးရွာအတွင်း လက်လုပ်ဗုံးများ ရမ်းသန်းဖြုတ်ချ တိုက်ခိုက်ခဲ့သော PDF အမည်ခံ အကြမ်းဖက် သမားများကို အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေး ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၁၂)**

မော်တော်ယာဉ်များလောင်စာဆီထည့်နေစဉ်အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ် မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော် ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန




## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှ (၃၀-၁၂-၂၀၂၂)ရက်နေ့ အထိ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမှုကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ ပထမအဆင့် အုပ်စု(ဃ)၏ ပွဲစဉ်(၈)တွင် သီဆိုယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များ ရွေးချယ်ထားသည့် အောက်ပါတေးသီချင်း(၉)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်- .

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | လမ်းခွဲ | ကရင်ပြည်နယ် | (၂၁-၁၀-၂၀၂၂)ရက်နေ့ အုပ်စု(ဃ) ပွဲစဉ်(၈) စိတ်ကြိုက်တေးသီချင်းများ ယှဉ်ပြိုင်မှုအစီအစဉ် |
| ၂ | အဖြူရောင် | ကချင်ပြည်နယ် | |
| ၃ | ဇေယျာကမ်း အလှပန်းချီ | မွန်ပြည်နယ် | |
| ၄ | ဒိုးကလေး | မန္တလေးတိုင်းဒေသကြီး | |
| ၅ | ဖွဲ့ | ပဲခူးတိုင်းဒေသကြီး | |
| ၆ | ယုံတမ်းစကား | ဧရာဝတီတိုင်းဒေသကြီး | |
| ၇ | အလှငှက်ငယ် | မကွေးတိုင်းဒေသကြီး | |
| ၈ | ယောသူတို့ရွာ | ရှမ်းပြည်နယ် | |
| ၉ | တိမ်ပလီနွေနှောင်း | နေပြည်တော် | |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ ဝေဇယန္တာလမ်းနှင့် အင်းဝ(၃)လမ်းထောင့်၊ မြေကွက်အမှတ် (၁၂၃၅/A)၊ အကျယ်အဝန်း(၀.၀၅၅)ဧကရှိ ဦးတင်ထွန်းနိုင် (၁၂/ဒဂန (နိုင်) ၀၀၉၉၇၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးတင်ထွန်းနိုင် (၁၂/ဒဂန (နိုင်) ၀၀၉၉၇၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၅)၊ Golden Parami Tower (A), 6th Floor ၊ အခန်းအမှတ်-(Unit- 601)၊ အကျယ်အဝန်း (၁၈၃၄.၄၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ရှိုင်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (ကုမ္ပဏီလိုင်စင်အမှတ်- ၁၇၄၉၅၀၀၆၇) ကိုယ်စား (၁၃-၁၀-၂၀၂၂)နေ့စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးကောင်းမြတ်ဇော် (၁၂/ဒဂန (နိုင်) ၀၃၄၉၄၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇောတိကာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ သုံးပါးရတနာကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ ပဋ္ဌာနိကာယ သာသနဗိမာန်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဇေတဝန်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိမိုးကုတ်ရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ညောင်ရမ်းကျောင်းတိုက်နှင့် မဟာအောင်မြေ မြို့နယ်ရှိလေသာပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဇောတိကာရုံ ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ စွယ်တော် ဘုန်းတော် ကြီးသင်ပညာရေးကျောင်းနှင့် လားရှိုးမြို့နယ်ရှိ ခါးရိုးပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## THOO & CONSTRUCTION CO.LTD ၏ Managing Director ဦးသန်းလှိုင်ဦး (၇/ကဝန(နိုင်) ၁၂၅၈၂၉) သိစေရန် ကြေညာခြင်း

လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမိုးအေးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၈၆၀(ခ) ဟု ခေါ်တွင်သောမြေကွက်ပေါ်၌ (17' x 45') x 3 Storeyed SS Building လူနေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်း သဘောတူစာချုပ်ကို ၂၃-၃-၂၀၂၂ ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုပြီး ၃၀-၃-၂၀၂၂ ရက်နေ့တွင် လုပ်ငန်းစတင်ကာ ၃၀-၇-၂၀၂၂ ရက်နေ့တွင် လုပ်ငန်းအပြီးအပ်နှံရမည်ကို လူကြီးမင်း သိရှိပြီးဖြစ်ပါသည်။ သို့ရာတွင် လူကြီးမင်းဘက်မှ ၉-၈-၂၀၂၂ ရက်နေ့မှစ၍ လုပ်ငန်းခွင်သို့ လာရောက် လုပ်ကိုင်ခြင်းမရှိသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ရှေ့နေမှတစ်ဆင့် ၂၂-၈-၂၀၂၂ ရက်နေ့တွင်လည်းကောင်း၊ ၄-၁၀-၂၀၂၂ ရက်နေ့တွင်လည်းကောင်း လူကြီးမင်းထံ အကြောင်းကြားစာများ ပေးပို့ခဲ့ပါသည်။ ၄-၁၀-၂၀၂၂ ရက်စွဲပါအကြောင်းကြားစာ၌ ကျွန်ုပ်မိတ်ဆွေမှ အဆောက်အဦးအား ၎င်း၏ဆန္ဒအတိုင်း ဆက်လက်ဆောက်လုပ်မည်ဖြစ်ကြောင်းနှင့်လုပ်ငန်းခွင်၌ကျန်ရှိသောလူကြီးမင်း၏လုပ်ငန်းသုံးပစ္စည်းများအား ၁၄-၁၀-၂၀၂၂ ရက်နေ့ နောက်ဆုံးဖယ်ရှားပေးရန် အသိပေးခဲ့သော်လည်း ယနေ့ထိ ဖယ်ရှားပေးခဲ့ခြင်းမရှိပါ။ သို့ဖြစ်၍ ဤကြော်ငြာပါသည့် နေ့မှစ၍ အဆောက်အဦးအား ကျွန်ုပ်မိတ်ဆွေ၏အင်ဂျင်နီယာများနှင့် ဆက်လက်ဆောက်လုပ်မည်ဖြစ်ကြောင်းနှင့် လူကြီးမင်း၏ လုပ်ငန်းခွင်၌ကျန်ရှိသော လုပ်ငန်းသုံးပစ္စည်းများအား ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူမည်မဟုတ်ကြောင်း လူကြီးမင်း သိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးမိုးအေး (၁၂/သဃက (နိုင်) ၁၄၁၈၄၀ ) ၏
လွှဲအပ်ညွှန်ကြားချက်အရ

ဦးဌေးအောင်
အထက်တန်းရှေ့နေ
အမှတ် (၉) (၃-လွှာ)၊ ၁၂ လမ်း၊ ၅ ရပ်ကွက်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၇၆၁၉၃၁၉၂၀

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၃၉၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာ လျှင် ၃၉၆၀ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။**

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ JIP TECHNOLOGY COMPANY LIMITED သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား US$(၄၀၀၀၀) မှ US$(၄၀၀၀)သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**JIP TECHNOLOGY COMPANY LIMITED**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/15676, Dayang Dy 110/M/C ယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့၊ပြည်တော်သာရပ်ကွက်နေ ဦးစံတင်မှ (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ) သို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## အများသိစေရန်ကြေညာခြင်း

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၀၆၉-က၊ ကျောက်ပန်းတောင်းမြောက်)၊ မြေကွက်အမှတ်(၅၃၊ ၅၄)၊ မြေဧရိယာ(၀ဒသမ၀၉၆)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးစိုးဝင်းမောင် ၉/ကပတ(နိုင်) ၁၄၂၉၉၅မှ မြေငှားဂရန် (အသစ်) ခွင့်ပြုချထားပေးနိုင်ပါရန် ကျောက်ပန်းတောင်းမြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ (၂၄-၁-၁၉၉၇)ရက်စွဲပါ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၆၅/၉၇)၊ ကျောက်ပန်းတောင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၉-၉-၂၀၂၂)ရက်စွဲပါ မြေနှင့်မြေပေါ်ရှိအကျိုးခံစားခွင့်အား လွှဲပြောင်းလက်ခံသည့် အရောင်းအဝယ်စာချုပ်အမှတ်(၁၀/၂၀၂၂)စာချုပ်များဖြင့် တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၆၉ယ/၄၀၂၅၁ Wuyang Honda 125 ယာဉ်လက်ဝယ်ရှိသူ Mani Mandai Co.,Ltd က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်53W/21167 Shayang 110 ယာဉ်လက်ဝယ်ရှိသူArr Shinn Co.,Ltd က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးကျော်ထွန်း ၁၂/ဥကတ(နိုင်)၁၄၃၄၈၄၊ CDC-51147 ၏ သင်္ဘောသားကတ် SID ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၇၆၂၅၂၉၉၆၆

**အခမဲ့ကုပေးမည်**
ဆေးမတိုး/ကုရခက်
ကင်ဆာနှင့်ရောဂါစုံဖြစ်နေလျှင်
သစ္စာရှင်ဆေးခန်း
ဖုန်း-09 261186511 သို့ဆက်သွယ်ပါ။

**ရောင်းမည်**
* ပုဂံမြို့သစ် (၁၄ခန်း)လိုင်စင်ရ ဟိုတယ်(60'x80') ဒေါင့်ကွက်
* မ/ဥ (55'x75') ဆေး၂အနီး
* မ/ဥ (34'x75') ဆေး၂အနီး
* မ/ဥ (14'x75') ဆေး၂အနီး
Ph 09 261186511, 09 953166459

**အလိမ္မာ စာမှာရှိ**

## လျှပ်စစ်ခေတ်အားဖြန့်ဖြူးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၄၀၀ဗို့ ခေတ်အားလိုင်းကြိုးများ ဝယ်ယူခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၁၇-၁၀-၂၀၂၂ရက် မှ ၃၁-၁၀-၂၀၂၂ရက်အထိ |
| ၃။ တင်ဒါ တင်သွင်းရမည့်ရက် | - | ၁-၁၁-၂၀၂၂ရက် ၊ ၉နာရီမှ ၁၆:၀၀နာရီ |
| ၄။ တင်ဒါတင်သွင်းရမည့်နေရာ | - | တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

**တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး**
**ရုံးကြီးလမ်း၊ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၂၈၁၇/၀၉-၂၅၉၀၇၀၂၂၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကျောက်ပန်းတောင်းမြို့နယ်တရားရုံးတော်
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၄၃

| | | |
|---|---|---|
| ၁။ ဒေါ်သီတာ | နှင့် | ၁။ ဒေါ်စောပြုံး၊ ၂။ ဒေါ်ခင်စောဦး |
| ၂။ ဒေါ်စံပယ် | | ၃။ ဦးကျော်မင်းစိုး၊ ၄။ ဦးအောင်ဂျမ်း |
| ၃။ ဒေါ်ချိုမာ | | ၅။ ဦးငွေဌေး၊ ၆။ ဒေါ်စိန်ကြည် |
| **တရားလိုများ** | | **တရားပြိုင်များ** |

**အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု**

ကျောက်ပန်းတောင်းမြို့၊ တွင်းဖြူကျေးရွာတွင်နေထိုင်သူ ဦးအောင်ဂျမ်း(ယခုနေရပ်လိပ်စာမသိသူ)နှင့် တောင်တွင်းကြီးမြို့၊ ပတ်လည်ကျေးရွာတွင်နေထိုင်သူ ဦးငွေဌေး(ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုများဖြစ်သော ဒေါ်သီတာပါ(၃)ဦးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ် နိုဝင်ဘာ ၁၈ ရက် (၁၃၈၄ခုနှစ် တန်ဆောင်မုန်းလပြည့် ကျော် ၁၁ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူတို့သည် တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ပါဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ခုနှစ် အောက်တိုဘာလ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အာကာစိုးလူမော်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျောက်ပန်းတောင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်(အဝေရာအိမ်ရာ)၊ တိုက်အမှတ် ၆၄၊ အခန်းအမှတ်(B-4)၏ အမည်ပေါက် ဦးကျော်ဆန်း ၁၂/မဂတ(နိုင်)၀၃၆၆၃၄ ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားကြောင်း အထောက်အထားများတင်ပြ၍ဦးမြတ်သူရဝင်း ၁၂/ဗဟန (နိုင်)၀၇၈၄၈၈ မှ ပိုင်ဆိုင်မှု အမည်ပေါက်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာ သည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၉/အေ)၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၆၇၆)၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ ဧရိယာ (၂၄၀၀)စတုရန်းပေ မြေပေါ်ရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးနိုင်ဦး ၁၂/လသန(နိုင်) ၀၁၂၁၉၂မှ အမည်ပေါက် ပိုင်ဆိုင်ပြီး အမည်ပေါက်ပိုင်ဆိုင်သူ၏ အဆိုပါပိုင်ဆိုင်လာသည့်သမီးဖြစ်သူ ဒေါ်အေးမြတ်မွန်ဦး ၁၂/ဒဂန(နိုင်)၀၃၀၉၅၀အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ်(၂၇၀၇/၁၈)အရ ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်အေးမြတ်မွန်ဦးမှ ဒေါ်အေးသီတာကျော် ၁၂/ကတတ(နိုင်)၀၂၇၆၆၆၊ ဒေါ်အေးသီတာကျော်မှ ဒေါ်ဝင်းသစ်နွယ် ၁၄/မမန(နိုင်) ၁၅၄၆၀၄သို့ ဆက်စပ်စာချုပ်အရပ်ကတိများဖြင့် အဆင့်ဆင့်ရောင်းချခဲ့ပြီး ဒေါ်ဝင်းသစ်နွယ်မှ ဒေါ်ဝင့်ဝါခိုင်သို့ အထက်ဖော်ပြပါ ပစ္စည်းစာရင်း၏ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ (၂၀x၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ ဂရန်မိတ္တူခြမ်းအား အရပ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ ရာ ယခု ဒေါ်ဝင့်ဝါခိုင်မှ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုလာ၍ ဒေါ်ဝင့်ဝါခိုင် ၉/အမဇ(နိုင်) ၀၀၁၀၁၁ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သော ဒေါ်ကေခိုင်လတ် ၁၂/ဥကတ(နိုင်) ၀၀၆၁၅၀ကအပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ဝယ်ယူပေးချေပြီး၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေခိုင်လတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၆၁)၊ ဥဇ္ဇနာ(၁)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၁၀၃၅၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်းရှိ မြေတိုင်းရပ်ကွက်အမှတ် ၁၁ F၊ မြေကွက်အမှတ် V၁၃၃၊ အလျား ၃၅.၆ပေ၊ အနံ ၇၂ ပေ၊ ဧရိယာ ၀.၀၆၀ဧကရှိ နှစ်(၆၀)မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၄၇၄ ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီး ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးမျိုးညွန့် LL.B(ဖျာပုံ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၂၆/၂၄-၁-၂၀၁၃)**
**အမှတ် ၂၈၊ပထမထပ်၊ ၁၄၁လမ်း၊ မအူကုန်းရပ်ကွက်၊တာမွေမြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၁၂၇၀၆၊ ၀၉-၇၈၈၂၀၄၁၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်3B/8709 Mitsubishi Canter FE 315 B ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်ဦး ၁၃/ဖခန(နိုင်)၀၆၅၈၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၂/အောင်မြေမြောက်ရပ်)၊ ဦးပိုင်အမှတ်(၉-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၉၁ ဧကရှိ ဒေါ်မြင့်မြင့်မာ(ဘ)ဦးမောင်ကို ၉/လဝန(နိုင်)၀၃၂၆၃၁ အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဒေါ်မြင့်မြင့်မာမှ ဦးကျော်ဇင်ထွန်း(ဘ)ဦးရန်အောင် ၉/လဝန(နိုင်)၀၀၀၇၅၁နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂/ကံဆွယ်ရပ်)၊ ဦးပိုင်အမှတ်(၉၈)၊ မြေဧရိယာ၀ဒသမ ၃၄၀ဧကရှိ ဦးဘသိန်း-ဒေါ်ရှမ်း အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဒေါ်စီစီဝင်း (ဘ)ဦးချစ်ပေါ ၉/လဝန(နိုင်)၂၂၇၂၁၀ မှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်မှုရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာအားပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-ရ)၊ ဦးပိုင်အမှတ်(၇၆)၊ ဧရိယာ ၀ ဒသမ ၀၅၁၁ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အတွင်း အရှေ့ဘက်ခြမ်းဖြစ်သည့် ပေ(၂၀x၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက် အစိတ်အပိုင်းနှင့် အဆိုပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ရှိအမည်ပေါက်သူ ဦးသန်းဇော် (ဘ) ဦးညွန့်မောင် ၉/မနမ(နိုင်)၀၆၉၄၆၂ မှ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ၃-၃-၂၀၂၀ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၆၅/၂၀၂၀)အရ ၃၄x၃၅လမ်းကြား၊ ၆၅ x ၆၆လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ ဒေါ်နန်းခမ်းထွေး (ဘ)ဦးအောင်နီ ၁/ကမန(နိုင်)၀၁၀၉၇၉၈ သို့ အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ယခုအခါ ဦးသန်းဇော်နှင့် ဒေါ်နန်းခမ်းထွေးတို့သည် ရုံးလုပ်ငန်းကိစ္စများ ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ဖော်ပြပါအထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၆၅/၂၀၂၀)ကို ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းသူ**
**ဦးသန်းဇော် (ဘ) ဦးညွန့်မောင် ၉/မနမ(နိုင်)၀၆၉၄၆၂**
**အမှတ်(၁၃၃)၊ ကွက်စိပ်(၅)၊ အောင်ချမ်းအေးလမ်းသွယ်၊ ရဲဘော်ကွက်သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၂၊ ဧရာဝတီတိုင်းဒေသကြီးရုံး လုပ်ငန်းတစ်ရပ်လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ဖြင့် ဆောင်ရွက်ရန်ရှိသည့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းသုံးပစ္စည်းအိတ်ဖွင့် တင်ဒါနှင့်ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ရှိသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းတစ်ရပ်လုံး အိတ်ဖွင့်တင်ဒါများ ခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါပုံစံရောင်းချခြင်း တင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** | - | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၂၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ မဥ္ဇူလမ်း၊ ကင်မလင်းကျွန်းရပ်၊ ပုသိမ်မြို့ |
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁၇-၁၀-၂၀၂၂ရက်(တနင်္လာနေ့)မှစ၍ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာ ပိတ်မည့် ရက်/အချိန်** | - | ၃၁-၁၀-၂၀၂၂ ရက်၊ (တနင်္လာနေ့) ညနေ ၄:၃၀ နာရီ |
| **နည်းပညာအဆိုပြုလွှာ (Technical Proposal) နောက်ဆုံးတင်ရမည့် ရက်/ အချိန်** | - | ၃၁-၁၀-၂၀၂၂ ရက်၊ (တနင်္လာနေ့) (ရုံးချိန်အတွင်း) |

၃။ လုပ်ငန်းတစ်ရပ်လုံးနှင့် လုပ်ငန်းသုံးပစ္စည်းတင်ဒါ (Price Proposal) ဖွင့်လှစ်မည့်ရက်/အချိန်အား ဌာနမှ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၂ ဧရာဝတီတိုင်းဒေသကြီးရုံး ဖုန်း-၀၄၂-၂၉၁၅၄ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အမည်မှန်

ဝါးခယ်မမြို့နယ်၊ အမက(မင်းပိုင်း)ကျောင်း၊ Grade-5မှ (ဘ)ဦးနေဝင်းဆွေ ၁၄/ဝခမ(နိုင်)၁၄၄၇၀၂၏သား မောင်ညဏ်လင်းသန့်အား မောင်ညဏ်လင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အများပြည်သူသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပြည်တော်သာ(မြောက်)ရပ်ကွက်၊ ရွှေတန်စာလမ်း၊ မြေကွက်အမှတ် ၁၂၃ နှင့် မြေကွက်အမှတ် ၁၂၈တို့အား ဦးကျော်ဝင်းထွန်း ၉/ကပတ(နိုင်)၁၃၉၂၆၅ နှင့်ဒေါ်ခင်ဝင်း ၉/ကပတ(နိုင်)၁၃၉၂၆၆ တို့မှ ၎င်းတို့ဝယ်ယူထားသော မြေကွက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် မိမိတို့သာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အထက်ပါမြေကွက်(၂)ကွက်အား ကာလပေါက်ဈေးဖြင့်ရောင်းချရန် အဆိုပြုလာပါသည်။

အထက်ပါမြေကွက်အမှတ် ၁၂၃ နှင့် မြေကွက်အမှတ် ၁၂၈ တို့အား ဝယ်ယူပြီးဖြစ်ပါသဖြင့် သက်ဆိုင်သူဟုယူဆသူမည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးသန်းနိုင် ၉/ကပတ(နိုင်)၁၅၆၅၈၆**
**ဖုန်း-၀၉-၂၅၉၇၆၀၆၁၀**
**ဦးဇော်မင်းဦး ၁၂/မရက(နိုင်)၀၆၀၆၉၀**
**ဖုန်း-၀၉-၇၇၇၃၈၈၉၇၃**
**ဒေါ်ခင်လေးသန့် ၉/ကပတ(နိုင်)၁၄၇၈၆၇**
**ဖုန်း-၀၉-၇၉၆၉၂၈၁၀၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓ ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပဲခူးခရိုင်တရားမရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၂

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ်ပဲခူးဘဏ်ခွဲ (၎င်းမြန်မာ့စီးပွားရေးဘဏ်၏ ကိုယ်စားမန်နေဂျာ ဒေါ်နီလာညွန့်) | နှင့် | ၁။ ဦးညွန့်လွင် ၂။ ဒေါ်ခင်ခင်ဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ပဲခူးမြို့၊ ဇိုင်းဂနိုင်တောင်ပိုင်း၊ ဖောင်တော်ဦးရပ်ကွက်၊ ခိုင်မာလာလမ်း၊ အမှတ် (၆၆၁)နေ ၁။ ဦးညွန့်လွင် ၂။ ဒေါ်ခင်ခင်ဝင်း (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုမန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးမြို့က ဘဏ်ချေးငွေပေါင်းကျပ် ၁၁၄၈၄၅၀၆/၀၂ အတွက် ငွေဒီကရီရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၃ ရက် (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရ မည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပဲခူးခရိုင်တရားမရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၅

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ်ပဲခူးဘဏ်ခွဲ (၎င်းမြန်မာ့စီးပွားရေးဘဏ်၏ ကိုယ်စားမန်နေဂျာ ဒေါ်နီလာညွန့်) | နှင့် | ၁။ ဒေါ်သီတာ ၂။ မောင်ဘုန်းမောင် |
| **တရားလို** | | **တရားပြိုင်များ** |

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၇/၃)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၄၇၁)နေ ၁။ ဒေါ်သီတာ၊ ၂။ မောင်ဘုန်းမောင် (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုမန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးမြို့က ဘဏ်ချေးငွေပေါင်းကျပ် ၃၀၁၉၆၂၈၄/၀၆ အတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၃ ရက် (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ် စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ ၆၆(B)လမ်း၊ မြေကွက်အမှတ်(ခ-၂)၊ ဦးပိုင်အမှတ် (၂၅-ခ)+(၃၄-က)၊ ဧရိယာ(အလျား ၆၀ပေ x အနံ ၂၉ပေ)၊ (၀ဒသမ၀၃၉၉)ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်ကျော်မိုး ၉/နထက(နိုင်)၁၀၉၅၈၃ မှ မြို့ပြမြေယာနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်လျက်ရှိကြောင်းနှင့်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာချို(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၁၄/၁၇)**
**အမှတ်(၁/၂၁၂)၊ အောင်မေတ္တာ(၄)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၈၁၁၁၆၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၁၄)၊(၅)လွှာ၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (အလျား ၁၂ပေ၊ အနံ ၅၀ပေ)ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုသူ ဒေါ်အိရွှေစင်ဝင်း ၁၂/ဗဟန(နိုင်)၀၈၇၁၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းဆက်သိန်း ၁၂/သဃက(နိုင်)၂၀၃၁၄၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းဆက်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောရူပါဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၉၃)**
**အမှတ်(၄၈၉)၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၄၀၄၃၇၁၊ ၀၉-၄၂၀၄၀၄၃၇၂**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၄၄ ဆူ | ၂၇၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၀ ကျင်း | ၅၈၉၀. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၁ ကျင်း | ၁၆၀၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၆၅ စုံ | ၃၃၅ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁၂-၁၂-၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ် ၆ လထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www. myawady.net.mm/Sgt(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၂ ရက်နေ့မှ ၃၀-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာနှင့် သတ်မှတ်စရိတ်များခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့ လိုပါတယ်။ ပြည်သူလူထု တစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှုမရှိဘဲ မိမိဆန္ဒအတိုင်းမဲပေးဖို့ လိုအပ်ပါတယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး လွတ်လပ်ပြီး တရားမျှတစွာ နေရာအနှံ့ အကြားအလပ်မရှိ ကျင်းပနိုင်ရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ တရားမျှတမှုနဲ့ ခြိမ်းခြောက် အကျပ်ကိုင်မှုတွေမရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့ လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈လ)ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၂ ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လယ်ယာစီးပွားလုပ်ငန်းရှင်များ၊ ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ် ရိက္ခာနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် သစ်သီးဝလံများနှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

## ယနေ့ သတင်းအညွှန်း

**အစားအစာလုံခြုံစိတ်ချမှုရှိစေရေး ပိုမိုရင်းနှီးမြှုပ်နှံသွားရန် ကမ္ဘောဒီးယားနှင့် ကုလအေဂျင်စီများ တောင်းဆို**
နိုင်ငံတကာသတင်း | စာ - ၁၃



**ရုပ်သေးသမားနှင့် ဇာတ်သမားပြန်လျှင် အဟုတ်ရှေးစကားနှင့် မှတ်သားစရာများ ကျန်ရမည်**
ဆောင်းပါး | စာ - ၁၇